


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသော တရားတော်

# သမုတိသစ္စာ မပယ်နဲ့ ပရမတ္ထသစ္စာ မကွယ်စေနဲ့

(၂၀၊၂၊၆၂)

၁၄၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# သမုတိသစ္စာမပယ်နဲ့

# ပရမတ္ထသစ္စာမကွယ်စေနဲ့

THITSARPARAN LIBRARY
Date ............................

(၂၀-၂-၆၂)

စာမူခွင့်ပြုချက် အမှတ် - ၁၄၄/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၂ / ၂၀၀၁ (၃)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ မတ်လ
တန်ဖိုး - (   )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြဲ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# သမုတိသစ္စာမပယ်နဲ့
# ပရမတ္ထသစ္စာမကွယ်စေနဲ့ (၁)

(၂၀-၂-၆၂)

သတ္တလောကကိုပဲ ပြောရမယ်လို့ သတ္တလောကဆိုတာ ဒီခန္ဓာကိုယ်ကြီးကို ဆိုသည်၊ ရုပ်နာမ်ပေါင်းစုထားတဲ့အခါကျတော့ သတ္တဝါဖြစ်လာတယ်၊ အဲဒါ သတ္တလောကလို့ မှတ်ထားလိုက်။

## သတ္တလောကဆိုတာ

ရုပ်နာမ်နှစ်ခုပေါင်းလို့ရှိရင် ဘာခေါ်ကြမတုံး (သတ္တလောကပါဘုရား) လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ တိရစ္ဆာန်သတ္တဝါ၊ အဲတော့ သတ္တဝါတွေ ဖြစ်လာတာ။

အဲဒီ သတ္တလောကဟာ နားမလည်လို့ရှိရင်ဖြင့် ဒိဋ္ဌိ ဖြစ်ပါတယ်၊ ဒိဋ္ဌိဖြစ်တယ်၊ အဲတော့ ဒိဋ္ဌိဖြစ်လို့ရှိရင်ဖြင့် ဒိဋ္ဌိနိရောဓောနိဗ္ဗာန်၊ ဒိဋ္ဌိချုပ်မှ နိဗ္ဗာန်သို့ရောက်မယ်။

ဒိဋ္ဌိချုပ်မှလည်း နိဗ္ဗာန်ရောက်မှာဖြစ်တော့၊ သတ္တလောကကို သတ္တလောကတင် ရပ်နေပြန်လို့ရှိရင်လည်း ဒိဋ္ဌိက မချုပ်ဘူး၊ ဒါသတ္တဝါတွေ ရှိနေတာပဲ ဒီလိုယူနေပြန်လို့ ရှိရင်လည်း သက္ကာယဒိဋ္ဌိ မချုပ်ဘူး။

ထိုကဲ့သို့ မချုပ်လို့ ရှိရင်လည်း ဒိဋ္ဌိက ကပ်နေတယ်၊ ဒိဋ္ဌိကပ်နေလို့ရှိရင် ဘယ်လိုပင် အားထုတ်ငြားသော်လည်း မနေ့က အနုရာဓမှာ ဒီအရင်က အနိစ္စဒုက္ခ အနတ္တတွေ အများကြီး အားထုတ်ထားတာပါ။ သို့သော် သူဒိဋ္ဌိဝိစိကိစ္ဆာ ရှိနေတဲ့အတွက် ရကိုမရဘူး။

## ဒိဋ္ဌိဝိစိကိစ္ဆာသတ်မှုရှေ့ထား

ဒါကြောင့် အားထုတ်မှုထက် ဒိဋ္ဌိဝိစိကိစ္ဆာသတ်မှုကို ရှေ့ထားရမယ်လို့ မှတ်ထားရမယ် (တင်ပါဘုရား) အားထုတ်မှုထက် ဒိဋ္ဌိဝိစိကိစ္ဆာသတ်မှု ရှေ့ထားရမယ်။

အားထုတ်မှုနောက်ထားပါ၊ ဒိဋ္ဌိဝိစိကိစ္ဆာဉာဏ်ထဲမှာ ရှင်းနေဖို့ မရှိဖို့ကို ရှေ့ထားပါ၊ ဒါကောင်းသော ဆုံးမခြင်းလို့ မှတ်ပါ အစဉ်ဒါမှကျမယ်ဆိုတာ မှတ်ထားပါ (တင်ပါ့ဘုရား)။

ဒီဒိဋ္ဌိ ဘယ်က လာသတုံးလို့ မေးတဲ့အခါကျလို့ရှိရင် သတ္တဝါခန္ဓာတိုင်း လာတာပဲ၊ သတ္တဝါခန္ဓာကလာတာပဲ (မှန်ပါ့ဘုရား)။

ဘယ်လိုလာသတုံးလို့ မေးတဲ့အခါကျတော့ ပုဂ္ဂိုလ် ကြည့်ပြီးသကာလ၊ ဩော် ငါဝလာတာ၊ အင်း ငါပိန်ပြန်ပြီ၊ ဩော် ကိုယ့်ကိုယ်ကို ကြည့်ပြီးသကာလ ငါထွက်လာတာကို ဆိုတာ ပေါ်လာတယ် (တင်ပါဘုရား) သတ္တလောကကြီး ကြည့်ပြီးတော့ (တင်ပါဘုရား)။

ငါ ဝလာပြန်ပြီ၊ ငါပိန်လာပြန်ပြီဆိုတော့ သူများ ကြည့်ပြောတာလားတဲ့၊ သတ္တလောကကြီး ကြည့်ပြောနေတာ လား (သတ္တလောကကြီးကြည့်ပြောနေတာပါဘုရား)။

## သတ္တဝါကြည့်ပြောနေတယ်

သတ္တလောကကြီး ကြည့်ပြောနေတော့၊ ဩော် . . . သတ္တလောကကြည့်လိုက်တဲ့အခါကျတော့ ငါဝတယ်၊ ငါပိန်တယ်၊ ငါဖျားတယ်၊ ငါနာတယ်၊ ငါမနာဘူး၊ ဘာဖြစ် တယ်၊ ငါရွှဲ့တယ်၊ ငါစောင်းတယ်၊ ဩော် သတ္တဝါခန္ဓာက ဒိဋ္ဌိကို ဖြစ်စေတာပဲဆိုတာတော့ ယနေ့ည ရှင်းသွားပြီ။

သတ္တဝါခန္ဓာကြီးသာကြည့်နေမယ်ဆို၊ သတ္တဝါသာ ကြည့်နေမယ်ဆိုရင်ဖြင့် ဒိဋ္ဌိကလာမှာ၊ ငါဝတယ်၊ ငါပိန်တယ်

အစရှိသည်နဲ့. . . . . ဟာ၊ ငါကသွားတွေညီညွတ်တယ် အစရှိသည်နဲ့ ငါ့ဆံပင်တွေဖြူကုန်ပြီ၊ သြော်သတ္တဝါကြည့် ပြောနေတာ (မှန်ပါ့ဘုရား)၊ အင်းသတ္တဝါကြည့်ပြီး ငါထွက်တာ(တင်ပါ့ဘုရား)၊ မထွက်ဘူးလား (ထွက်ပါတယ် ဘုရား)။

သတ္တဝါကြည့်ကြည့်ပြီးငါထွက်ပြီးသကာလ လာ တော့၊ သြော် - ဒီခန္ဓာကိုယ်ကြီးကြည့်ပြီးသကာလ၊ ခန္ဓာကိုယ် ကလူသတ္တဝါ၊ အဲဒီလူသတ္တဝါကြီး ကြည့်ပြီးသကာလ ငါကြီးပြီ ငါအိုလာပြီ၊ ငါဒီလိုနေလို့တော့မတော်တော့ဘူး ငါ့အရေးငါ ကြိုးစားမှပဲ၊ အင်း သံဝေဂလိုလိုနဲ့ ဒိဋ္ဌိကချည်းဝင်နေတယ် (မှန်ပါ)။

သံဝေဂလိုလိုနဲ့ (ဒိဋ္ဌိကချည်းဝင်နေတယ်ဘုရား) ဒိဋ္ဌိကချည်းဝင်းပြီးသကာလနေတော့ ဘယ်ကထွက်လာတဲ့ ဒိဋ္ဌိပါလိမ့်မတုံးလို့ သတ္တဝါ ခန္ဓာကြည့်ပြီးပြောတာ(တင်ပါ ဘုရား)။

သတ္တဝါခန္ဓာက အကြည့်မတတ်တာနဲ့ ဒိဋ္ဌိဖြစ်လာ တာလို့ မှတ်ထားရမယ်(တင်ပါဘုရား) သတ္တလောကကြီးက ဒိဋ္ဌိဖြစ်စေတယ်ဆိုတဲ့အဓိပ္ပါယ်ရှင်းသွားပြီ (ရှင်းပါတယ် ဘုရား)။

သတ္တလောကကြီးက ဒိဋ္ဌိကိုဖြစ်စေတယ်ဆိုတာ

ရှင်းသွားပြီ အဲဒါကြောင့် သတ္တဝါမရှိအောင် ဒကာဒကာမ တွေကြည့်ဖို့ အရေးကြီးတယ်။

## သတ္တဝါမရှိအောင်ဘယ်လိုကြည့်ရမှာတုံး

သတ္တဝါမရှိအောင် ဘယ်လိုကြည့်ရမှာတုံးလို့မေးတဲ့ အခါကျတော့၊ သတ္တဝါပျောက်ပြီး၊ ခန္ဓာဉာဏ်ရောက်မှ ဒိဋ္ဌိကွာမယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ သတ္တဝါပျောက်ပြီး ခန္ဓာဉာဏ်ရောက်မှ (ဒိဋ္ဌိကွာမှာပါဘုရား)၊ ဩော် သတ္တဝါ လည်းပျောက်ရမှာပဲနော်၊ ရှိတော့ရှိတာပဲ ပညတ်နယ်ကနေရှိ နေတာပဲ (တင်ပ့ါ)။

ရှိပေမဲ့လည်း သတ္တဝါထိုးဖောက်ပြီးသကာလ ခန္ဓာငါးပါးအစစ်ကို ဉာဏ်နဲ့ရောက်အောင် ကြည့်ကြပါ (တင်ပါဘုရား)။။

ထိုကဲ့သို့ ဉာဏ်နဲ့ရောက်အောင်ကြည့်လိုက်တဲ့အခါ ကျတော့ သတ္တဝါထိုးဖောက်ပြီး၊ ခန္ဓာဉာဏ်ရောက်မယ် သတ္တဝါထိုးဖောက်ပစ်ရမယ် (မှန်လှပါ)။

သတ္တဝါ ထိုးဖောက်ပြီးသကာလ၊ သတ္တဝါဟာဘာ တုံးမေးတဲ့အခါ၊ ခန္ဓာအစုအပေါင်းကိုဆိုတာဆိုပြီးသကာလ၊ သတ္တဝါအမြင်နောက်ဖယ်ပြီးသကာလ၊ ခန္ဓာကတည့်ပေး ရမယ် ဆိုတဲ့အဓိပ္ပါယ်ရှင်းရှင်းလင်းလင်းပြောပါတယ်။

## ဉာဏ်ကခန္ဓာရောက်ရမယ်

သတ္တဝါဖယ်ရမယ်၊ ဉာဏ်က ဘယ်ရောက်ရမတုံး (ခန္ဓာရောက်ရမှာပါဘုရား) ခန္ဓာရောက်ရမယ် (တင်ပါဘုရား)။

သတ္တဝါဖယ်ပြီးဉာဏ်က ရှေးဦးစွာသတ္တဝါဖယ်၊ ဖယ်ပြီးကာမှ ဉာဏ်က ခန္ဓာငါးပါးကိုမရောက် ရောက်အောင်ပို့ရမယ်။

မရောက် ရောက်အောင်ပို့လိုက်လို့ရှိရင်ဖြင့် ဒိဋ္ဌိအညံ့စားတော့ဖြင့် ကွယ်သွားတာပဲ ပျောက်သွားတာပဲဆိုတာမှတ်ပါ (တင်ပါဘုရား)။

ဒါဖြင့် သတ္တလောက သတ္တလောကကြီးလှည့်စားလိုက်တာလည်း ဒိဋ္ဌိဖြစ်နိုင်တယ်၊ သတ္တလောကကြီးလှည့်စားလိုက်တာလည်း နည်းမျိုးစုံဖြစ်နိုင်တယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကျုပ်ဖြင့် ဒီလူ့ကြည့်ရတာ အမြင်ကပ်လိုက်တာ ဩော် သတ္တလောကကြောင့်သူဒေါမနဿဖြစ်နေပြီ၊ ဒီလူလို့လည်းဆိုနေပြန်ပြီ ဒိဋ္ဌိကလည်းပါ၊ ဒေါမနဿကလည်းဖြစ် ဒီလူသွားပုံလာပုံကျုပ်ဖြင့် သဘောမကျဘူး၊ အင်း သတ္တလောက ကနေပြီးသကာလ ဒိဋ္ဌိဒေါမနဿလိုက်လာတယ် (တင်ပါဘုရား)။

## သတ္တလောကမထိုးဖောက်နိုင်လို့

ဒီလူပြောပုံဆိုပုံဖြင့် ကျုပ်ဖြင့်မကျေနပ်ပါဘူး အင်းဘယ်ကထွက်လာတဲ့ဒိဋ္ဌိတုံး၊ မကျေနပ်တဲ့ဒေါသက လည်းလာပါတယ် မောင်ချစ်ဆွေ(သတ္တလောက)၊ သတ္တလောကမထိုးဖောက်နိုင်လို့ (မထိုးဖောက်နိုင်လို့ပါဘုရား)။

သတ္တလောက မထိုးဖောက်နိုင်တော့ ခန္ဓာဉာဏ်မရောက်တော့ဘူး (တင်ပါ့)၊ ရောက်သေးရဲ့လား (မရောက်ပါဘူးဘုရား)။

ဪဒါဖြင့် ဆရာဘုန်းကြီးပြောနေတဲ့ဥစ္စာ၊ သတ္တလောကဖယ်ပစ်ပြီးတော့မှ၊ သတ္တလောကကို ဉာဏ်ထဲကဖယ်ပြီးသကာလ၊ သမုတိသစ္စာဖယ်ပြီးသကာလ၊ ပရမတ္ထသစ္စာပါအောင်ကြည့်ခိုင်းတာပါလား (တင်ပါဘုရား)။

## ပရမတ္ထသစ္စာပေါက်အောင်ကြည့်ပါ

သမုတိသစ္စာဖယ်ပြီး ပရမတ္ထသစ္စာကို ပေါက်အောင်ကြည့်ရမယ်၊ သမုတိသစ္စာဖယ်ပြီးပရမတ္ထသစ္စာကိုပေါက်အောင်ကြည့်ရမယ်၊ ဪဒါမှလည်း ဒိဋ္ဌိအညံ့စားကွာမယ်ဒါမင်္ဂကွာမဟုတ်သေးပါဘူးတဲ့၊ ကြည့်နည်းသင်တုန်းရှိသေးပါတယ် (တင်ပါဘုရား) ကြည့်နည်းသင်တုန်းရှိသေးတယ်။

ဒါဖြင့် ခန္ဓာကြည့်တတ်ဖို့အရေးဟာ သတ္တဝါကွယ်

နေတယ်ဆိုလို့ရှိရင် မလွဲဘူးပေါ့ (မလွဲပါဘုရား)၊ ခန္ဓာသတ္တဝါဖုံးနေတာ ယောကျ်ားသတ္တဝါ၊ မိန်းမသတ္တဝါ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ အစရှိသည်နဲ့ ခန္ဓာဖုံးနေတာ၊ သတ္တဝါဖုံးနေတယ်ဆိုလို့ရှိရင်မှန်သွားပြီ။

ဒါဖြင့် သတ္တဝါဖယ်၊ ခန္ဓာရောက်အောင်ရှု (တင်ပါဘုရား) ခန္ဓာဘယ်သူဖုံးပါလိမ့်မတုံး(သတ္တဝါဖုံးနေတာပါဘုရား)သတ္တလောကဖုံးနေတယ် (တင်ပါဘုရား)။

ဒါကြောင့် လောက ဝတ္ထုကိုပဲ၊ လောကအကြောင်းကိုပဲ ဟောလို့မဆုံးနိုင်သေးဘူးဆိုတာလည်း ယနေ့တစ်မျိုးပဲလို့မှတ်ရမယ် (တင်ပါဘုရား)။

## ခန္ဓာဘယ်သူဖုံးနေပါလိမ့်

ခန္ဓာဘယ်သူဖုံးနေပါလိမ့် (သတ္တလောကဖုံးနေပါတယ်ဘုရား) အေးသတ္တလောကဆိုတာသတ္တဝါ၊ ဒီသတ္တဝါကြီးဖုံးနေတယ်။

ဖုံးပြီးသကာလနေတော့၊ အင်း မိန်းမပေမဲ့ကျုပ်ဟာကျုပ်ရှာစားနိုင်တယ်၊ ယောကျ်ားမရှိလည်း ဒို့အရေးမကြီးဘူးကွ၊ ငါလည်းခြေနဲ့လက်နဲ့ပဲ၊ ယောကျ်ားကွ (မှန်ပါဘုရား) လာတာပဲ၊ သတ္တဝါကြီးဖုံးသွားတယ်၊ ခန္ဓာက ပျောက်ပျောက်ထွက်သွားတယ် (တင်ပါ)။

ဒါဖြင့် သတ္တဝါဖုံးနေတယ်၊ ခန္ဓာပျောက်ပြီးနေတော့ တယ်မလွဲပါဘူး (မလွဲပါဘူးဘုရား)၊ သတ္တဝါက ဘယ်သူ့ဖုံး နေပါလိမ့် (ခန္ဓာကို ဖုံးနေပါတယ်ဘုရား)။

ခန္ဓာကိုဖုံးနေတဲ့အခါကျတော့ အဲဒီမှာတစ်ခါတည်း ပဋိစ္စသမုပ္ပါဒ်မသိတဲ့အဝိဇ္ဇာကလည်း လာပစ်လိုက်တာပဲ၊ မှန်းတဲ့ဒေါသကကော (လာပါတယ်ဘုရား)။

ငါဘာကိစ္စရှိတုံးဆိုတဲ့ ငါတွေကကော (လာပါတယ် ဘုရား)။

ဩော်ဘယ်ကများထွက်လာလိမ့်မလဲလို့ မေးဖို့လို တယ်၊ သတ္တဝါမရှာနိုင်တာနဲ့ ခန္ဓာမရောက်၊ ခန္ဓာမရောက် တာနဲ့အဝိဇ္ဇာတွေတဏှာတွေ ဒေါမနဿတွေ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးတောင်လာပစ်လိုက်တယ်။

## ပဋိစ္စသမုပ္ပါဒ်သုံးမျိုး

သတ္တဝါမဖယ်နိုင်၊ ခန္ဓာမပေါက်ရောက်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလာပစ်လိုက်တယ်၊ ခန္ဓာမသိတာ **အဝိဇ္ဇာ**၊ သတ္တဝါဖြစ်နေလည်း ဒီသတ္တဝါသဘောမကျပါဘူးဆိုတဲ့ ဥစ္စာကလည်း **ဒေါသ**၊ ဒီယောကျ်ားကတော့ ခင်ရမှာပဲ၊ ကြင်ရမှာပဲဆိုတာ **လောဘ**၊ အဲတော့ ပဋိစ္စသမုပ္ပါဒ် သတ္တဝါက သုံးမျိုးထွက်လာတယ်၊ ရှင်းကြပလား၊ (ရှင်းပါပြီ)

ဒါဖြင့် သတ္တလောကကြီးမှာ ကြောက်စရာကြီးပါလား ဆရာသမားကောင်းမတွေ့လို့ရှိရင်၊ သူကပဋိစ္စသမုပ္ပါဒ်သုံးမျိုး ကိုဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်၊ အဝိဇ္ဇာ ပဋိစ္စသမုပ္ပါဒ်၊ အင်း ဒေါမနဿ ပဋိစ္စသမုပ္ပါဒ်၊ အကုန်ဖြစ်စေနိုင်တယ်ဆိုလို့ရှိရင်ဖြင့် ငြင်းစရာ မရှိအောင်မှန်ပါတယ်။

အင်း ဘယ်ကထွက်လာတဲ့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပါလိမ့်မတုံးလို့ ရှင်းကြစမ်းပါဦး (သတ္တလောကကြောင့်ထွက် လာတာ) ဒါဖြင့် ခန္ဓာပျောက်လို့လာတာပဲ (တင်ပါဘုရား)။

ခန္ဓာပျောက်လို့ ဒီပဋိစ္စသမုပ္ပါဒ်တွေထွက်လာတာပဲ ဒါဖြင့် ခန္ဓာကိုယ်သတ္တဝါဖုံးနေတယ် (တင်ပါဘုရား)၊ သတ္တဝါ မဖယ်နိုင်ရင် ခန္ဓာမရောက်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

သတ္တဝါ မဖယ်နိုင်ရင် (ခန္ဓာမရောက်ပါဘူးဘုရား) အဲဒါကြောင့် အလုပ်လုပ်တော့မယ်ဆိုရင် သတ္တဝါအရင် ဖျောက်ပြီးသကာလ ခန္ဓာဉာဏ်ရောက်သွားပေးပါဆိုတာကို အထူးပဲသတိပေးလိုက်တယ် (တင်ပါဘုရား) သဘောပါကြ ပလား (သဘောပါပါပြီဘုရား)။

## သတ္တလောကကိုသိရမယ်

ကောင်းပြီ ဒါဖြင့် သတ္တလောက သိလည်းသိရမယ်၊ ဖယ်လည်းဖယ်ရမယ် (တင်ပါ)၊ သူ့မှာနှစ်မျိုးမှတ်ရမယ်၊

သတ္တလောကကို (သိလည်းသိရမယ်၊ ဖယ်လည်းဖယ်ရမယ် ဘုရား)။

မသိပြန်တော့လည်း၊ သတ္တလောကမသိပြန်တော့ လည်း အမေအဖေတောင် မသိဖြစ်သွားမယ် (တင်ပါဘုရား) ဒါကြောင့် သိလည်းသိရမယ်။ အမေအဖေကလည်း သတ္တ လောကထဲကကိုး (တင်ပါဘုရား)။

## သတ္တလောကကိုဖယ်ရမယ်

အမေအဖေက သတ္တလောက၊ သူသိလည်းသိရမယ်၊ ဝိပဿနာလုပ်ကြမယ်ဆိုတော့ ဖယ်လည်းဖယ်ရမယ်၊ သိလည်းသိရမယ်၊ ဖယ်လည်းဖယ်ရမယ်။

ရောင်းဝယ်၊ ဖောက်ကား၊ ရိုသေ လေးမြတ်၊ ပူဇော် ပသတဲ့အချိန်ကိုသိရမယ်၊ အလုပ်၊ လုပ်တဲ့အချိန်မှာ ဖယ်ရ မယ် (တင်ပါဘုရား) ရောင်းဝယ်ဖောက်ကား ပူဇော်ပသ တဲ့နေရာလည်း လူကြီး လူကြီးစကားပြောရမှာပေါ့ (မှန်ပါ ဘုရား)၊ လူငယ် လူငယ်စကားပြောရမယ်၊ ရောင်းဝယ်ဖောက် ကားတဲ့နေရာ သတ္တဝါကသုံးရမယ်။

သတ္တဝါငယ်ကလေး၊ သတ္တဝါကြီး၊ လူကြီးသူမ ဖြစ်လာတာပေါ့လေ (မှန်ပါ)ဒါဖြင့် ရောင်းဝယ်ဖောက်ကားတဲ့ နေရာလည်း သတ္တဝါကိုသုံးရမယ်၊ အလုပ်ခွင်ဝင်တော့မယ်

ဆိုတော့ သတ္တဝါဖယ်ရမယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ပရမတ္ထသစ္စာကိုမဖုံးစေနဲ့

အဲ သတ္တလောကလည်း မပယ်နဲ့၊ သမုတိသစ္စာလည်း မပယ်နဲ့၊ ပရမတ္ထသစ္စာကိုလည်း မဖုံးစေနဲ့ (တင်ပါဘုရား) ဒီနေ့ညသတိပေးလိုက်ပါတယ် (မှန်ပါ)။

သမုတိသစ္စာကျတော့ သတ္တလောကလည်းမပယ်နဲ့ ပယ်ရင်မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော၊ ဗုဒ္ဓဂုဏောအနန္တော ပျောက်သွားလိမ့်မယ် (တင်ပါဘုရား) မပျောက်ပေဘူးလား (ပျောက်ပါတယ်ဘုရား)။

တစ်ခါ သူ့ကို ရှေ့တင်ပြီးသကလ နေပြန်လို့ဝိပဿနာလုပ်တဲ့အခါ မဖယ်ပြန်တော့လည်း ဒိဋ္ဌိဘက်သွားပြန်တယ် ငါ့အမေ၊ ငါ့အဖေ၊ ငါ့ထက်ကြီးတယ်၊ ငါ့ထက်ငယ်တယ်ဆိုတဲ့ ဒိဋ္ဌိကလာပြန်တယ်။

အတော်ပဲ ကြောက်စရာကောင်းပါလား ဒီလိုခွဲခွဲခြားခြား၊ ပိုင်ပိုင်နိုင်နိုင် ရှိတာနဲ့ ဖယ်တာကိုမှ နားမလည်ကြလို့ ရှိရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ဖို့ မောင်ချစ်ဆွေ လွယ်ကို မလွယ်ပါလား (မလွယ်ပါဘူး)။

မလွယ်ဘူးတဲ့ ဒီအဓိပ္ပါယ်ဟာမလွယ်ပဲဖြစ်နေလို့ ဒါကြောင့် အေးအေးဆေးဆေးနဲ့ ဆုံးမသွန်သင်ပြီးသကာလ

အရေးကြီးတဲ့အချက်ကို အရေးကြီးသလိုပြောနေတယ်ဆိုတာ မှတ်ရလိမ့်မယ် (တင်ပါဘုရား)။

## ဝိပဿနာလုပ်ရင်တော့

ကောင်းပြီ ဒါဖြင့် သတ္တလောကလည်း မပယ်နဲ့၊ ဒီတိုင်းနေတဲ့အချိန်မှာ (တင်ပါဘုရား)၊ ဝိပဿနာလုပ်တော့မယ်ဆိုတော့ သတ္တလောကကိုလည်း ဖယ်ပစ် (တင်ပါ့ဘုရား)။

ပြောကြဆိုကြတယ် "ဂါရဝေါစ နိဝါတောစ" ဆိုတော့ ဂါရဝေါစ - ရိုသေထိုက်သောပုဂ္ဂိုလ် ရိုသေရမယ်ဆိုတော့ သတ္တလောကသုံးလာတာ (တင်ပါ)၊ နိဝါတောစ - မာန်ချရမယ်ကွတဲ့။ ဈေးသည်ဆိုတာ အောက်တန်းက နေရတာ (တင်ပါဘုရား)၊ သူတို့က ဘယ်လောက်ပဲစစ်စစ် ကိုယ်ကလျှိုလျှိုပဲနေရမယ်။ နိဝါတဂုဏ်လိုက်ရမှာကို (မှန်ပါတယ်ဘုရား)။

နိဝါတဂုဏ်ထမ်းရမယ်ဆိုတော့ ဒါ သမုတိသစ္စာနယ်ကနေ သုံးလိုက်တာ (တင်ပါဘုရား)၊ အဲဒီ 'ဂါရဝေါစ နိဝါတောစ' တွေ မရှိပြန်လို့ရှိရင်လည်း ဘာဖြစ်သွားပြန်တုံးဆိုတော့ သမုတိသစ္စာ နားမလည်တဲ့အတွက် အပါယ်ရောက်ပြန်တယ်၊ သတ္တလောက နားမလည်တဲ့အတွက် အပါယ်ရောက်သွားပြန်တယ်။

သူ့ နားလည်ပြီးသကာလ ပရမတ္ထသစ္စာဆိုတဲ့ဥစ္စာကို ဖောက်ထွင်းပြီး မကြည့်နိုင်ပြန်လို့ရှိရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်က ကွယ်ပြန်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သတ္တလောကလည်း မပယ်နဲ့

သတ္တလောကကို ဒကာ ဒကာမတွေက အသုံးချတဲ့နေရာ အသုံးမချတတ်လို့ရှိရင်လည်းတဲ့၊ သတ္တလောကကို ပယ်တဲ့အတွက် အပါယ်လေးပါးရောက်သွားပြန်တယ်။ အနန္တော၊ အနန္တငါးပါးပျောက်ကွယ်သွားတယ် (တင်ပါဘုရား)။

ဝိပဿနာလုပ်တဲ့အခါမှာ သတ္တလောကကို မပယ်ပြန်လို့ရှိရင်လည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရပြန်ဘူး (တင်ပါ)၊ ဒါဖြင့် ဒီအပြောဟာ မောင်ချစ်ဆွေ အတော်ခက်ပါလား (ခက်ပါတယ်ဘုရား)။

အတော်ခက်တယ်တဲ့၊ အဲဒါကြောင့် သူ့နေရာနဲ့သူ သုံးပါဆိုတာ သတိပေးလိုက်ပါတယ် (မှန်လှပါဘုရား)။ သတ္တလောကလည်းမပယ်နဲ့၊ သမုတိသစ္စာဆိုတဲ့ သတ္တလောကလည်း မပယ်နဲ့၊ ပရမတ္ထသစ္စာကိုလည်း မကွယ်စေနဲ့၊ ဒီနှစ်လုံး သိပ်အရေးကြီးပါတယ် (တင်ပါဘုရား)။

## ပရမတ္ထသစ္စာကိုလည်း မကွယ်စေနဲ့

သတ္တလောကလည်း မပယ်နဲ့နော်၊ သမုတိသစ္စာဖြစ်နေတယ်။ ပရမတ္ထသစ္စာကိုလည်း မကွယ်စေနဲ့၊ သတ္တလောကသွားမကွယ်စေနဲ့ဦး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သမုတိသစ္စာပယ်လိုက်တော့လည်း အပါယ်လေးပါးကျတယ်၊ ပရမတ္ထသစ္စာကွယ်နေပြန်လို့ရှိရင်ကော မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူး၊ ဩော်- ဒီနှစ်လုံးနဲ့ပဲ သေပျော်ပါပေါ့လား၊ အတော်အရေးကြီးနေပါပေါ့လားဆိုတော့၊ အဖိုးတန်အောင်ပြောလို့ အဖိုးတန်တာလို့ ဒီလိုမယူနဲ့၊ သတ္တဝါတွေမှာဒီအတိုင်းဖြစ်နေတာ. . . (တင်ပါဘုရား)။

ပိုင်ပါပြီဆိုတဲ့ဥစ္စာက သတ္တလောကပယ်လိုက်တာ. . . (တင်ပါဘုရား)၊ ဒီလူတွေဟာ သဂြိုဟ်သမားတွေပါကွာ၊ အလကားလူတွေပါ၊ အဖေအမေမရှိဘူး၊ ဒါသတ္တလောကပယ်ချလိုက်တာ. . . (တင်ပါ)၊ ဒါကျတော့ ပဉ္စာနန္တရိယကံတွေက ထိုက်ကုန်တယ်၊ သတ္တလောကကို ပယ်ပစ်လိုက်တယ်. . . (တင်ပါဘုရား)။

အဲဒီ ပဉ္စာနန္တရိယကံထိုက်တော့ကို သီလဘက်ကပျက်စီးသွားတယ်၊ အဲတော့ ပရမတ္ထသစ္စာ အားထုတ်ငြားသော်လည်း မဂ်၏အန္တရာယ်သွားဖြစ်တယ်. . . (မှန်ပါဘုရား)၊ ပရမတ်ရှုးက. . . (တင်ပါ)၊ ရှင်းပလား. . . (ရှင်းပါ

ပြီဘုရား)။

ဒါဖြင့် သတ္တလောကလည်း မပယ်နဲ့နော်. . . (မှန်လှပါဘုရား)၊ ပရမတ္ထဖြစ်တဲ့ တရားကိုလည်း မကွယ်စေနဲ့ . . . (တင်ပါဘုရား)။

သတ္တလောကလည်း(မပယ်နဲ့)၊ ပရမတ်တရားတွေကိုလည်း. . . (မကွယ်စေနဲ့)၊ မကွယ်စေနဲ့၊ သတ္တလောက က သွားကွယ်မှာလည်း စိုးရသေးတယ်။ ကွယ်လို့ရှိရင် သူ့သီလနဲ့ ဂါရဝေါစ၊ နိဝါတောစ ဆိုတဲ့ ရိုသေထိုက်သောပုဂ္ဂိုလ် ကျုပ်ရိုသေပါတယ်။ ဝေယျာဝစ္စလည်း ပြုပါတယ်ဆိုတော့၊ သူ့သီလနဲ့ သေသွားလိမ့်မယ်. . . (တင်ပါ)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရပြန်ဘူး. . . (တင်ပါဘုရား)။

သတ္တလောကထဲ ရပ်နေကြလို့ရှိရင် ကျုပ်တို့ဖြင့် ဘုရားရှေ့ဆိုကုန်းသွားတာပါပဲ၊ လူကြီးသူမရှေ့ဆို ရိုသေသဖြင့် တောင်းပန်ပြီး၊ တိုးလျှိုးပြီးတော့သွားတာပါပဲ ဂါရဝေါစ နိဝါတောစ လို့ဘုရားကဟောထားတာ၊ ဟုတ်တယ်လုပ်ရမှာပဲ။

မလုပ်လို့ရှိရင်လည်း သီလစခန်းပြတ်သွားတယ်၊ သီလစခန်းပြတ်လို့ရှိရင်လည်း၊ ဆက်ဖြစ်တဲ့ ပညာစခန်းက ကွယ်သွားပြန်တော့မရပြန်ဘူး၊ ဒါကြောင့် သတ္တလောကကိုလည်းမပယ်နဲ့၊ပရမတ္ထကိုလည်း မကွယ်စေနဲ့(တင်ပါ

ဘုရား)။

ရုပ်နာမ်ဓမ္မတွေကိုလည်း သတ္တလောက က မကွယ်စေနဲ့ (တင်ပါ)၊ ဒီနှစ်ခုက သိပ်အရေးကြီးပါတယ်၊ မကြီးဘူးလား(ကြီးပါတယ်ဘုရား)။

ဒါ ခွဲပြောတတ်တဲ့ဆရာမို့ တော်သေးရဲ့၊ မင်းတို့သိရတာ(တင်ပါဘုရား)၊ ခွဲလို့ ဒီလို သိရမယ်လို့ အစ်မရဲ့ အမိပွါယ်မှာ တစ်သက်နဲ့တစ်ကိုယ်ဆို မကြားဖူးဘူး. . . (တင်ပါဘုရား)။

## သူ့လမ်းနဲ့ သူသွားပါ

သူ့ကိုလည်း မပယ်ရဘူးလေ၊ ပရမတ်လည်း မကွယ်စေနဲ့ဆိုတော့ သူ့လမ်းနဲ့သူသွားလို့ပြောတာ. . . (တင်ပါဘုရား)။ သတ္တလောကလမ်းကလည်း သတ္တလောကလမ်းက အလုပ်လုပ်တာ၊ ပရမတ္ထလမ်းကလည်း သူ့လမ်းနဲ့သူ၊ အလုပ်လုပ်ရတာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သတ္တလောကပယ်လိုက်ရင် သီလဘက်က ပျက်တယ်၊ ပရမတ္ထသစ္စာကို ကွယ်နေပြန်လို့ရှိရင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်တားတယ်၊ သဘောပါပလား. . . (သဘောပါပါပြီဘုရား)။

အစ်မ အေးအေးပြောနေတယ်လို့ ဒီစကားနှစ်လုံးနဲ့ပဲ

ဒီနေ့ည ပြီးရ ပြီးရ အတော်အရေးကြီးတယ်မှတ်ရမယ်. . . (တင်ပါဘုရားအရေးကြီးပါတယ်)၊ အလွန်အရေးကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာပေါ်သွားပြီ. . . (ပေါ်သွားပါပြီဘုရား)။

ဒါဖြင့် သတ္တလောကကိုလည်း မပယ်နဲ့၊ ပရမတ္ထဓမ္မကိုလည်း မကွယ်စေနဲ့. . . (တင်ပါ့ဘုရား)။

## သမုတိသစ္စာသက်သက်ဆိုရင်

သတ္တလောကပရမတ္ထ လာကွယ်ပြန်လို့ရှိရင်လည်း အမေဆိုတော့ ဝိပဿနာရှုလို့မရဘူး။ အဖေဆိုတော့ ဝိပဿနာရှုလို့မရဘူး. . . (တင်ပါဘုရား)၊ ခန္ဓာငါးပါးပေါ်လာမှ ရှုဖြစ်မှာကို. . . (မှန်လှပါ)။

အဲတော့ ပရမတ်ကို အမေသမုတိသစ္စာက ဖုံးနေပြန်လို့ရှိရင်လည်း သီလဘက်က လုံရဲ့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဘက်က မပြည့်စုံနိုင်ဘူး. . . (တင်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ တော်တော်အရေးကြီးပါလားဆိုတဲ့ဥစ္စာ ကောင်းကောင်းကြီးပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)၊ အလွန်အရေးကြီးတယ်ဆိုတာ ပေါ်လာတယ်တဲ့။

## ပရမတ္ထသစ္စာသက်သက်ဆိုရင်

ကိုင်း ဒါဖြင့် ယခုလောကကြီးထဲမှာ တရားဟောတဲ့

ပုဂ္ဂိုလ်တွေတချို့က သတ္တလောက ဖယ်ချလိုက်တယ် (တင်ပ့ါ)၊ ဘယ်ရှိပ့ါမတုံးကွ အမေ၊ ဘယ်ရှိပ့ါမတုံးကွ အဖေ၊ ဘယ်သားသမီးရှိရမတုံးဆိုတော့ "ပုတ္တဒါရဿ သင်္ဂဟော" သားသမီးများကျွေးမွေးထောက်ပံ့ရမယ်လို့ မင်္ဂလာတရားတော် စတုက္ကနိပါတ်ပါဠိတော် ဟောထားတယ် ဘုရားက သတ္တလောက မပယ်နဲ့ကွ (တင်ပါဘုရား) ဝတ်တွေပျက်ကုန်လိမ့်မယ်(တင်ပါဘုရား)။

**"နိဝရံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ"** လို့ ဟောတဲ့နေရာကျတော့ ဟော့သတ္တလောကကြီးဖယ်ထားကြနော်၊ ဖယ်ထား ဖယ်ထား မဂ်ဉာဏ် ဖိုလ်ဉာဏ်တားပစ်လိုက်လိမ့်မယ်၊ သူ့ဖယ်ရတဲ့နေရာကျတော့ ဖယ်ပစ်ရမယ် (တင်ပါဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

## အပြောရကြပ်တဲ့ခန္ဓာ

ကောင်းပြီ၊ ဒါဖြင့် ဒီခန္ဓာအတွက်ဟာ အတော်အပြောကြပ်ပါလားဆိုတာ၊ ယနေ့ညတရားပေါ်လာ တယ် (ပေါ်ပါတယ်ဘုရား) ပေါ်လာတယ်။

ဘယ်လိုပေါ်လာသတုံးလို့ မေးတဲ့အခါကျတော့မှ ဩော် ဒီခန္ဓာကြီးဟာ ဒိဋ္ဌိကိုလည်းဖြစ်စေနိုင်တယ်၊ မဂ်ဉာဏ်ကိုလည်းရစေနိုင်တယ်၊ သူက နှစ်ဘက်သွား သွားနေတယ်

(တင်ပါဘုရား)။

ဒိဋ္ဌိကိုလည်း (ဖြစ်စေနိုင်ပါတယ်ဘုရား)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း (ရနိုင်ပါတယ်ဘုရား) ရနိုင်တယ်တဲ့၊ ဒိဋ္ဌိဖြစ်စေ နိုင်တာက ငါ့အဖေ ငါ့အမေလို့ သတ္တလောကထဲ ဆိုနေပြန်လည်း ဒိဋ္ဌိသွားဖြစ်တယ် (တင်ပါဘုရား)၊ မဖြစ်ဘူး လား (ဖြစ်ပါတယ်ဘုရား)။

ဒါကလည်း ပရမတ်ဖြစ်တဲ့ဉစ္စာ တွေ့အောင်ရှာလိုက် ပြန်တော့လည်း၊ ငါ့အမေ ငါ့အဖေ ပျောက်ပြီး ဒိဋ္ဌိပျောက်ပြီး သကာလ၊ ဝိပဿနာဉာဏ်က ရောက်လာတယ် (တင်ပါ ဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဩော် ဒါဖြင့် ဒီနှစ်လမ်းဟာ သွားတတ်မှဖြစ်မယ့် လမ်းပါလား၊ နှစ်လမ်းလုံးကလည်း သွားရမယ့်လမ်း ချည်းဖြစ် တယ်၊ သီလနယ်က သွားလို့ရှိရင် "ဂါရဝေါစ နိဝါတောစ" "ပုတ္တဒါရဿသင်္ဂဟော" လို့သုံးရလိမ့်မယ် (တင်ပါ) သို့မဟုတ် သီလပျက်ကုန်လိမ့်မယ်။

အဲဒါတွေ ပြောရင် ရပ်စဲနေမယ်ဆိုလို့ရှိရင်၊ ပရမတ်က ကွယ်သွားသောကြောင့်၊ သမုတိသစ္စာက ရှေ့က ရှည်ပြီး ပရမတ္ထသစ္စာက နောက်ကပျောက်နေသောကြောင့် လည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရပြန်ဘူး။

## သူ့နေရာနှင့်သူသုံးပါ

ဒါဖြင့်တဲ့ ဒီနှစ်ခုအသုံးအနှုံးသည် သူ့နေရာနဲ့သူသုံးရလိမ့်မယ်၊ ပဲခွပ်နေရာ ပွဲခွပ်၊ ဆောက်နေရာဆောက်သုံးရမှာပဲ အားနဲ့ခုတ်စရာရှိတော့ ပဲခွပ်ပေါ့ကွာ (တင်ပါဘုရား)၊ အပေါက်ကလေးတွေ ထွင်းမဲ့ကြံတဲ့အခါ သူက ထွင်းလို့မရတဲ့အခါ ဆောက်သုံးရလိမ့်မယ် (တင်ပါဘုရား)။

ဒါဖြင့် ပဲခွပ်နေရာ ပွဲခွပ်သုံးလို့ရှိရင်တော့ မမှားပါဘူး ဆောက်နေရာ ဆောက်သုံးရင်ကော (မမှားပါဘူးဘုရား) အဲဒီလိုမသုံးကြလို့ ရှိရင် ယခုတရားတွေက အကုန်ဗွေဖောက်ကုန်တာပဲ (တင်ပါဘုရား)။

တရားတွေဗွေဖောက်ကုန်ကြတာ ဒါမသုံးတတ်လို့ဖောက်ကုန်တာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ဆေးသမားဆရာတွေကျတော့ မောင်ချစ်ဆွေပြောတာပဲ ကွာ ဒါရုပ်ပုံကြီးပဲကွ၊ အုတ်တွေလုပ်ထားတာပဲ ဆိုပြီး၊ ဘုရားသမုတိသစ္စာကြီးသွားဖျက်လိုက်တော ပဍ္ဍာနန္တရိယကံက အလားတူသွားဖြစ်တယ် (တင်ပါဘုရား)။

မဂ်ဉာဏ် ဖိုလ်ဉာဏ် တားပစ်လိုက်တာ (တင်ပါဘုရား)အဲတော့ သူ့နေရာ သူမသုံးတတ်လို့ဆိုတဲ့ အဓိပ္ပာယ်ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

**သတ္တလောကလည်းမပယ်နဲ့**

ပေါ်ပလားကွ (ပေါ်ပါပြီဘုရား) ကောင်းပြီ ဒါဖြင့် သတ္တလောကလည်းမပယ်နဲ့နော် (တင်ပါဘုရား)၊ ပရမတ္ထကို လည်းမကွယ်စေနဲ့. (တင်ပ့ါဘုရား) သတ္တလောကလည်း (မပယ်နဲ့) ပရမတ္ထကိုလည်း (မကွယ်စေနဲ့) မကွယ်စေနဲ့တဲ့ (တင်ပါ)။

ပရမတ္ထသွားပြီးမကွယ်စေနဲ့ဦး၊ ကွယ်ရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တားပစ်လိုက်တာ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)၊ ယနေ့ည နှစ်လုံးတည်းဝါ (မှန်ပါ)။

**ပရမတ္ထကိုလည်းမကွယ်စေနဲ့**

ဆရာသမားဘာဟောနေပါလိမ့်မတုံးလို့ အမေး ထုတ်တော့မှ၊ သတ္တလောကကိုလည်း မပယ်နဲ့ကွ ပရမတ္ထကို လည်းမကွယ်စေနဲ့ကွ (တင်ပါဘုရား)။

ပရမတ္ထကွယ်ရင် မဂ်ဖိုလ်တားလိမ့်မယ်ကွ၊ သတ္တ လောကပယ်ရင် အပါယ်ကျလိမ့်မယ်ကွ ဆိုတော့ သူ့အဖြေ နဲ့သူတော့ ရှင်းသွားပြီ (တင်ပ့ါဘုရား)။

သတ္တလောကပယ်ရင် အပါယ်ကျမယ်၊ ပရမတ္ထခမ္မ ကိုကွယ်နေပြန်လို့ရှိရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်မရဘူး၊

နိဗ္ဗာန်မရ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီခန္ဓာကြီးအတွက်ဟာက သတ္တဝါဆိုတာလည်း သူ့ကိုခေါ်ချင်တာပဲ၊ ခန္ဓာလို့ ခေါ်ပြန်လည်း သူ့ကို (သူ့ကိုပဲခေါ်တာပါဘုရား) သူက နှစ်ချက်နာမည်ရနေတယ် (တင်ပါဘုရား)။

သတ္တဝါလို့လည်း(နာမည်ရပါတယ်ဘုရား) နာမည်ရတာပဲ၊ ခန္ဓာလို့ခေါ်ပြန်တော့ကော (နာမည်ရတာပါဘုရား) ခန္ဓာနာမည်သူ့ရှိလို့ရတာပဲ (တင်ပါ)။

## သီလချို့တဲ့ရင်လည်း မဂ်ဉာဏ်တက်လို့မရ

ဒါဖြင့် ဒီနှစ်ခုအသုံးအနှုံးသည်တဲ့၊ မှန်မှန်ကန်ကန် လမ်းသွားတတ်မှ သာလျှင်၊ သီလက မချို့တဲ့တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ရမယ်၊ သီလချို့တဲ့လို့ရှိရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တက်လို့မရဘူး၊ သတ္တလောကပယ် လိုက်လို့ရှိရင်သွားပြီ၊ သီလချို့တဲ့သွားပြီ (တင်ပါဘုရား)။

သီလမပါပဲနဲ့ စရဏမပါပဲနဲ့ ဝိဇ္ဇာမဖြစ်နိုင်၊ သီလက စရဏကို (တင်ပါဘုရား) ဝိဇ္ဇာစရဏသမ္ပန္နောကို (တင်ပါဘုရား)။

သီလတည်းဟူသော စရဏ ခြေထောက်မပါတော့၊ ဝိဇ္ဇာတည်းဟူသော ခေါင်းကဘယ်သွားတတ်မလဲ၊ နေနိုင်ပါ့

မလား ခေါင်ချည်းသက်သက် (မနေနိုင်ပါဘုရား)။

ဒါကခြေထောက်လည်းပါမှ ခေါင်းလည်းပါမှဆိုသလို ပဲ၊ အလုပ်တစ်ခုကို ထမြောက်အောင် လုပ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှင်းသွားပြီ၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခုနင်ကပြောခဲ့တဲ့ဥစ္စာကို အားလုံးဒကာ ဒကာ မတွေကမှတ်ရမှာက၊ သမုတိသစ္စာလည်းမပယ်နဲ့၊ ပရမတ္ထ သစ္စာလည်း မကွယ်စေနဲ့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါ ပြီဘုရား)။

သမုတိသစ္စာကိုလည်း (မပယ်နဲ့ဘုရား) ပရမတ္ထ သစ္စာ ကိုလည်း (မကွယ်စေနဲ့) မကွယ်စေနဲ့။

အဖြေပေးလိုက်ပါဦးတဲ့၊ ဒါကမှာတမ်းရှိပါသေးတယ် သမုတိသစ္စာပယ်ရင် အပယ်ကျမယ် (တင်ပါဘုရား) ပရမတ္ထ ကွယ်နေလို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရဘူး (တင်ပါဘုရား) နိဗ္ဗာန်မရနိုင်ဘူး။

သမုတိသစ္စာရှေ့ကနေပြီး ပရမတ္ထသစ္စာကွယ်နေရင် ကွာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်နှယ့်လုပ်မတုံး (မရပါဘူး ဘုရား) တားရုံတင်မကဘူး ရကိုမရဘူး(တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ည ပြောတဲ့တရားမှာတဲ့သူ့နေရာနဲ့သူ သုံးပါလို့ပြောတာ (တင်ပါဘုရား) စူးနေရာစူး၊ ဆောက်

နေရာဆောက် (တင်ပါဘုရား) ဟုတ်ဘူးလား (မှန်လှပါဘုရား)။

## စူးနေရာစူး ဆောက်နေရာဆောက်

ဘယ်လိုသုံးရမတုံး (စူးနေရာစူး၊ ဆောက်နေရာဆောက်ပါဘုရား) စူးနေရာစူး ဆောက်နေရာဆောက်သုံးမှသာလျှင် ကိုယ့်အလုပ်ပြီးမယ် (တင်ပါဘုရား)။

စူးနေရာဆောက်သုံးလို့လည်းမဖြစ်ဘူး၊ ဆောက်နေရာ စူးသုံးလို့လည်း (မဖြစ်ပါဘူး) မဖြစ်လို့ရှိရင်လည်း ဒီအလုပ်တစ်ခုကို အထမြောက်စရာမြင်သေးရဲ့လား (မမြင်ပါဘူးဘုရား)။

အဲဒါကြောင့် ဒီနှစ်ခုကိုနားလည်းထားမှုက ယနေ့ညမှာအလွန်အရေးကြီးပါတယ် (တင်ပါဘုရား)၊ သမုတိသစ္စာကိုလည်းမပယ်ဖို့၊ ပရမတ္ထသစ္စာကိုလည်း သမုတိသစ္စာက မကွယ်စေဖို့ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကွယ်ရင်ဘာဖြစ်မတုံးလို့ဆိုလို့ရှိရင်၊ ပရမတ္ထသစ္စာကို သမုတိသစ္စာကွယ်နေလို့ရှိရင် ဒိဋ္ဌိဝင်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူး (တင်ပါဘုရား)။

ပယ်လိုက်ပြန်တော့လည်း သီလစခန်းဖျက်လို့ ခြေထောက်မရှိတဲ့ ခေါင်းရှိတဲ့ ပုဂ္ဂိုလ်နဲ့တူနေတယ်၊ အင်မတန်

ပြောရကြပ် တဲ့တရားမျိုးဆိုတာ မောင်ချစ်ဆွေ ရှင်းဖို့သိပ်ကောင်းပါပြီ (မှန်ပါဘုရား) အင်မတန်ပြောရကြပ်ပါတယ်၊ စစ်စစ်ပေါက်ပေါက်ပြောမှလည်း ဒီအဓိပ္ပါယ်ကရှင်းပါတယ်။ ဒါတောင်မှအဖြေလေးက ကောင်းနေလို့ ပယ်ရင်အပါယ်ပြစ်၊ ကွယ်ရင်အကွယ်ပြစ်၊ ဒါရှင်းထားမှ သဘောကျပလား (တင်ပါဘုရား)။

## အဇာတသတ်

အဇာတသတ်တို့ အပါယ်များကျသွားလိုက်တာ ပရမတ္ထသစ္စာ ကွယ်တာနဲ့ အပါယ်ကျသွားတာ (တင်ပါ)၊ သမုတိသစ္စာနှိပ်စက်လိုက်တာ၊ သမုတိသစ္စာပယ်လိုက်တာနဲ့ အပါယ်ကျသွားတယ်။

တခြားသော ပုဂ္ဂိုလ်တို့မဂ်ဉာဏ်ဖိုလ်ဉာဏ်မရတာသည်၊ သမုတိသစ္စာကွယ်နေတာနဲ့ မရတာ၊ အခုလူတွေ သမုတိသစ္စာကွယ်တာက များနေတယ် (မှန်ပါဘုရား)။

ကျုပ်တို့တော့ အကုသိုလ်ကံလည်းမပါဘူး၊ အမေမိဘနဲ့ ရိုရိုသေသေကိုင်းကိုင်းရှိုင်းရှိုင်းနဲ့ သေလည်း အပါယ်တော့မကျပါဘူး၊ ဒီအမေမိဘတွေနဲ့ ပြုလို့၊ စုလို့ကိုယ်က ကျေးဇူးဆပ် လို့အဲဒါကလည်း အပါယ်တော့မကျဘူး၊ မဂ်ဉာဏ်မရပြန်ဘူး၊ ရသေးရဲ့လား (မရပါဘူးဘုရား)။

အဲတော့ သူ့ဉစ္စာ အတော်ခက်နေပါပေါ့လား ဆိုတော့မှ ဆရာဘုန်းကြီးအဖြေပေးတာကို မင်းတို့ကျေကျေနပ်နပ်သဘောကျပလား (ကျေနပ်ပါတယ်ဘုရား)။

သမုတိသစ္စာ မပယ်နဲ့၊ ပရမတ္ထသစ္စာမကွယ်စေနဲ့၊ သမုတိသစ္စာပယ်ရင် သီလပျက်တယ်၊ ပရမတ္ထ သစ္စာကွယ်ရင်မဂ်ဖိုလ်နိဗ္ဗာန် မရနိုင် (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲယနေ့ ဒီတွင်တော်ဦး

သာဓု . . သာဓု . . သာဓု . . ။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# သမုတိသစ္စာမပယ်နဲ့ ပရမတ္ထသစ္စာမကွယ်စေနဲ့ (၂)

(၁၉-၂-၆၂)

သတ္တလောကရှိနေလို့ရှိရင် ဒိဋ္ဌိရှိတယ်ဆိုတာ သိရမယ်။ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါတွေလို့ ဆိုလို့ရှိရင်ဖြင့် သတ္တဝါရှိတယ်လို့ အယူလွဲလာလို့ရှိရင်လည်း ဒါသက္ကာယဒိဋ္ဌိဖြစ်တာပဲ။

## သတ္တဝါမရှိတာကို သတ္တဝါလုပ်ထားတယ်

သတ္တလောကကို နားမလည်ပြန်လို့ရှိရင်လည်း ဒိဋ္ဌိကပ်ပါတယ်၊ ဒီသတ္တဝါလေးတွေဟာ ဘယ်တော့များ ဘာဖြစ်ကြမတုံး ဆိုတော့ သတ္တဝါမရှိတာကို သတ္တဝါလုပ် ထားတယ်။

သတ္တဝါမရှိတာ သတ္တဝါလုပ်ထားတော့ကို ဒိဋ္ဌိဖြစ်နေပါတယ်လို့ မှတ်ရမယ်။

လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ၊ အဲဒီကဲ့သို့ ဖြစ်နေလို့ရှိရင် ဒါ အစ်မတို့က မှတ် ဒိဋ္ဌိ (တင်ပါဘုရား)၊ လူသတ္တဝါရှိတယ်၊ နတ်သတ္တဝါရှိတယ်၊ ဗြဟ္မာသတ္တဝါရှိတယ်၊ သမုတိသစ္စာနယ်ကတော့ ဆိုနိုင်တာပဲ။

သို့သော်လည်းတဲ့၊ ဘယ်သူက ဘယ်လို ဖောက်ပြန်ကြသတုံးဆိုတော့၊ သတ္တဝါသေလို့ရှိရင်ဖြင့် ဘယ်များ သွားဖြစ်ပါလိမ့်မတုံး၊ ဒီသတ္တဝါတွေ ဆိုတော့ သတ္တဝါရှိနေ ဘယ်သွားပါလိမ့်မတုံးဆိုတဲ့ဥစ္စာက လာနေတယ်။

မလာပါနဲ့ ဆိုလို့ရမလား (မရပါဘူး)။

အဲတော့ တောင်းအပ်တဲ့သဘောသတ္တိ မရှိဘဲနဲ့ ဒီသတ္တဝါတွေ သေတော့ သေသွားပြီ၊ ဘယ်များသွားဖြစ်ပါလိမ့် ဆိုတော့ သတ္တဝါမရှိပေမဲ့ ဘယ်သွားဖြစ်ပါလိမ့်ဆိုတဲ့ ဒိဋ္ဌိကလာတာ (တင်ပါ)။

## သတ္တလောကကြောင့် ဒိဋ္ဌိဖြစ်တယ်

ဒါဟာ သတ္တလောကကို နားလည်ပြီးသကာလ၊ သတ္တလောက၏ အဆုံးကို နားလည်ပြီး၊ သတ္တဝါမရှိတဲ့အဖြစ်ကို ပိုင်ပိုင်နိုင်နိုင် ပရမတ်နယ်က မသိလို့ရှိရင်လည်း သတ္တ

လောကကြောင့် ဒိဋ္ဌိဖြစ်တယ်။

သတ္တလောကဆိုတာ သတ္တဝါကိုဆိုသည်၊ သတ္တလောကကို သမုတိနယ်ကတင်ကြည့်ပြီးသကာလ၊ ပရမတ်နယ်က မသိပြန်လို့ရှိရင်၊ သတ္တလောကကြောင့် ဒိဋ္ဌိဖြစ်တယ်။

ဘယ်လိုဖြစ်ပါလိမ့်မတုံး ဒီသတ္တဝါသေသွားပြီ ဘာများဖြစ်ပါလိမ့်မတုံး၊ ဒီစကားလာရတော့မှာပဲ (လာရမှာပါဘုရား)။

ဒါ သတ္တလောကမှ သိထားတာနဲ့ သတ္တဝါဖြစ်ပြီးသကာလ၊ သတ္တလောကဆိုတာ သတ္တဝါကို ဆိုသည်။

အဲဒီ့သတ္တဝါ ဘယ်သွားဖြစ်ပါလိမ့်မလဲဆိုတဲ့ အဓိပ္ပါယ်ဟာ ဒိဋ္ဌိနောက်ကလိုက်တာပဲ။

ဒါဖြင့် သတ္တလောက ကလည်း ထွက်ဦးမှပဲဖြစ်မယ်၊ သတ္တလောကကလည်း ပိုင်ပိုင်နိုင်နိုင် နားလည်ဦးမှဖြစ်တယ်။

ဒါကြောင့် အခုချိန်မှာ ဘယ်များသွားရောက်နေပါလိမ့်မတုံး အစ်မတို့ ပူကြ၊ ဒို့အမေတွေ ဒို့အဖေတွေ ဘယ်ရောက်နေပါလိမ့်၊ ဒါသတ္တဝါအဖြစ်နဲ့ ယူထားလို့ ဘယ်သွား ဖြစ်ပါလိမ့်မလဲဆိုတဲ့ အဓိပ္ပါယ်၊ ဘယ်များရောက်နေတုံး ရောက်လေရာအမျှလို့ မင်းတို့က အမျှများ ပေးလိုက်သေးတယ်ကွ (ပေးပါတယ်ဘုရား)။

ဒါဖြင့် ရောက်လေရာ အမျှများပေးတာ မပေး ကောင်းဘူးလို့ မဆိုပါဘူးတဲ့၊ သတ္တဝါသွားဖြစ်တဲ့ အဓိပ္ပါယ် တော့ သူစိတ်ထဲမှာ ယူထားတယ် (တင်ပါဘုရား)။

ယူလို့ရှိရင်တဲ့ ဒါဘာဖြစ်သတုံးလို့ မေးတော့ သဿတဒိဋ္ဌိဖြစ်တယ်၊ ဒီသတ္တဝါဟာ ဟိုသွားတယ် ဆိုတော့ အသက်ပါသေးရဲ့လား (မပါပါဘူးဘုရား)။

## ဒို့မိဘတွေ ဘယ်များသွားဖြစ်ပါလိမ့်

မပါတော့ကို သဿတဒိဋ္ဌိသွားဖြစ်တယ်၊ သတ္တဝါ ယူမိတဲ့အတွက် ဒို့အမေ ဒို့အဖေ ဘယ်များသွားဖြစ်ပါလိမ့် မတုံး၊ ခုချိန်ဘယ်ရောက်နေပါလိမ့်မတုံး၊ သေတော့သေသွား ရှာပြီ ဆိုတော့ကို၊ အင်း . . . သတ္တဝါလောက် နားလည် ထားတဲ့အတွက် သတ္တဝါသေရင် ဘယ်သွားဖြစ်ပါလိမ့်မတုံး ဆိုတဲ့အဓိပ္ပါယ်ဟာဖြင့် အားလုံးသော ပုဂ္ဂိုလ်တို့က ယူလေ့ ရှိတယ်။ (တင်ပါဘုရား)။

## ဒီအယူဘာဒိဋ္ဌိတုံး

ယူလို့ရှိရင် ဘာဒိဋ္ဌိတုံး မောင်ချစ်ဆွေ (သဿတ ဒိဋ္ဌိပါဘုရား) တစ်ခါတည်း ဒိဋ္ဌိမှ မပြတ်တာ (တင်ပါဘုရား) ပြတ်သေးလား (မပြတ်ပါဘူးဘုရား) သွားဖြစ်တယ်၊

သွားသေးတယ်ဆိုတဲ့ အမိပ္ပါယ်ပါတယ် (ပါပါတယ်ဘုရား) မပါဘူးလား (ပါပါတယ်ဘုရား)။

ဘယ်များသွားဖြစ်ပါလိမ့် (တင်ပါ) ဒါဖြင့်ရင် ဒီဆရာသမားနဲ့ အကြောင်းညီညွတ်အောင်၊ ဒိဋ္ဌိကွာအောင်၊ သဿတဒိဋ္ဌိကွာအောင် မတွေ့တဲ့ ဒကာဒကာမတွေ ဆိုလို့ရှိရင်ဖြင့်၊ ဒီအယူကြီးနဲ့ပဲ သေသွားလိမ့်မယ်၊ ဒိဋ္ဌိတန်းလန်းနဲ့ သေသွားလိမ့်မယ်။

သဿတဒိဋ္ဌိတန်းလန်းနဲ့ သေသွားလိမ့်မယ်ဆိုရင် ငြင်းဖို့မလိုဘူး (တင်ပါဘုရား) လိုသေးလား (မလိုပါဘူးဘုရား)။

ဒါဖြင့် ရှေးက မောင်ချစ်ဆွေ ဒါတန်းလန်းပါတာများတယ် (ပါပါတယ်ဘုရား) ပါတယ် (ပါပါတယ်ဘုရား)။

ဒါဖြင့် သူတို့သည် ဒိဋ္ဌိမပြုတ်တဲ့အတွက် ပဌမသောတာပတ္တိမဂ်ဟာ ဒိဋ္ဌိဖြုတ်ရတယ်၊ ဒိဋ္ဌိဖြုတ်မှ သောတာပန်တည်တယ် (တင်ပါဘုရား)။

ဒိဋ္ဌိမပြုတ်ပဲနဲ့ ဘဝတိုင်းသေတော့ ဘယ်တော့မှထွက်ရာလမ်း မတွေ့ဘူး (တင်ပါ) ဒိဋ္ဌိက ကန့်ကွက်နေတာ (တင်ပါဘုရား) ဘယ်သွားဖြစ်ပါလိမ့် ဒို့တော့ သေတော့သေမှာပဲ အခုနတ်ပြည်သွားဖြစ် ကြိုက်ပါတယ်၊ ဒါလည်းသဿတဒိဋ္ဌိပဲ။

ဒါ သတ္တလောကအကြောင်းကို မင်းမသိလို့ သတ္တဝါ ရှိတယ်လို့လည်း ကောက်ယူထားတယ်၊ ကောက်ယူထားတဲ့ အတွက် သတ္တဝါသေရင် သွားဖြစ်တယ်ဆိုတဲ့ အမိပ္ပါယ်လည်း ဆက်လက်ပြီး ယူလေ့ရှိတယ်။

## အမျှပေးတဲ့သူဟာ ဘာဒိဋ္ဌိပါလိမ့်

ထိုကဲ့သို့ယူလေ့ရှိတော့ကို၊ ရောက်ရာအမျှပဲ လို့တောင် ပေးလိုက်သေးတယ်၊ ပေးနေတာ အစ်မတို့ (ပေးပါတယ်ဘုရား) ပေးနေတော့ အမျှပေးတဲ့သူဟာ ဘာဒိဋ္ဌိပါလိမ့် (သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိ မစွန့်ဘူး။

လှူတဲ့ပုဂ္ဂိုလ်ကလည်း မစွန့်နိုင်၊ ဒီနှစ်ခုဟာ ထုံးစံ အတိုင်းပေးနေကြတာပဲ၊ ရောက်လေရာအမျှပဲ၊ သွားတော့ သွားရှာပြီ၊ မသွားနိုင်တာကြီး သွားတယ်လို့ ယူနေတော့ သဿတဒိဋ္ဌိ သတ္တဝါတစ်ခုခုဖြစ်တယ်လို့ ယူလိုက်ရင်လည်း သဿတဒိဋ္ဌိ (တင်ပါဘုရား) အောင်မယ်လေး အင်မတန် ကြောက်စရာကောင်းပါလား (တင်ပါ)။

သတ္တလောက နားမလည်လို့ ဒီအယူတွေဟာ စွန့်နည်းကို ပြတဲ့ ဆရာသမားကောင်းကလည်း မတွေ့တော့၊ သြော် လောကအကြောင်း နားမလည်တော့ ဒိဋ္ဌိဝင်ပူးနေပါ

ပေါ့လားဆိုတာ သေချာသွားတယ် (သေချာပါတယ်ဘုရား)။

## ထူးထူးခြားခြားပုဂ္ဂိုလ်နဲ့တွေ့မှ ဒိဋ္ဌိခွာတတ်မှာ

ဒိဋ္ဌိဝင်ပူးနေတယ် (မှန်ပါ့)၊ ဒါလည်း ဘုန်းကြီးတို့ လက်ထက် ဘုန်းကြီးတို့လို ထူးထူးခြားခြား ပုဂ္ဂိုလ်နဲ့တွေ့မှ သူခွာတတ်မယ်ဟ၊ သို့မဟုတ်ရင် ဒီအယူ ဘယ်တော့မှ စွန့်မှာ မဟုတ်ဘူး၊ မစွန့်ပါဘူး (မစွန့်ပါဘူးဘုရား)။

မောင်ချစ်ဆွေ စွန့်ပါ့မလား (မစွန့်ပါဘူးဘုရား) နှုတ်ကလည်း တက်နေတယ်၊ နှုတ်တက်တဲ့အပြင် အထင် ကလည်းရှိတယ် (တင်ပါ)။

နှုတ်တက်တာတင် အပြစ်မရှိဘူး၊ အထင်ရှိတယ်၊ အထင်က ဒိဋ္ဌိကထင်တာ (တင်ပါဘုရား) သဘောကျရဲ့လား (သဘောကျပါပြီဘုရား)။

အထင်က (အထင်က ဒိဋ္ဌိပါဘုရား) အထင်က ဒိဋ္ဌိပဲဆိုတာ သေချာသွားတယ်၊ အဲဒါကြောင့် ဒီဒကာ ဒကာမတွေကို ဆရာကောင်း သမားကောင်း ရှာကြပေါ့၊ ရှာကြ၊ ရှာကြ။

မဂ်ဉာဏ်ဖိုလ်ဉာဏ် အသိရောက်မှ ရနိုင်တယ်နော်၊ သူများရောက်လို့ မင်းတို့ ဆင်ချင်မနေနဲ့ ဆရာသမားကောင်း ပါမှ ရတယ် နိဗ္ဗာန်ကို သူ့ကြောင့်ရောက်တာ။

သူသာ မပါလို့ရှိရင်ဖြင့် ဒိဋ္ဌိတန်းလန်းကြီးခံပြီး သကာလ၊ ဒိဋ္ဌိဆိုတာ ပဋိစ္စသမုပ္ပါဒ်ထဲ သွင်းလိုက်တော့ တဏှာပဲ (တင်ပါ)။

ဒိဋ္ဌိနဲ့ ယှဉ်နေတော့ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာ၊ သင်္ခါရ ပြန်လှည့်တာ (လှည့်ပါတယ်ဘုရား)။

## ဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်နိဗ္ဗာန်မရောက်

ဩော် . . . ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ပြတ်သေးရဲ့လား၊ ဒါဖြင့် ဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ပြောဖို့ ဘုရားမပြောခဲ့ဘူး၊ သူ့ကို အရင်သတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းသွားအောင်လို့ ယနေ့သတ္တလောကကို နားမလည်တဲ့ ပုဂ္ဂိုလ်တွေ မရှင်းတာနဲ့ ပိုမိုပြီး ပြောနေရတဲ့ တရားလို့ မှတ်လိုက်ပါ (မှန်လှပါဘုရား)။

## သတ္တလောကဆိုတာ အခေါ်ပဲ

ကိုင်း ဒါဖြင့် သတ္တလောကကို ဩော် သတ္တလောက ဆိုတာ အခေါ်ပဲ စင်စစ်တော့ သတ္တဝါမရှိဘူး၊ ရုပ်နာမ်ဖြစ် ပျက် ဒုက္ခသစ္စာ၊ ဒါပဲ သတ္တဝါရှိရဲ့လား (မရှိပါဘူးဘုရား)။

မရှိတော့ မင်းတို့က ဩော် ဒီသတ္တဝါတွေ တစ်

ယောက်တော့ သေသွားရှာပြီ၊ ဘယ်များသွားဖြစ်ပါလိမ့်မတုံး၊ လာတော့မှာ ဒီဥစ္စာ (လာပါတယ်ဘုရား)။

လာတော့ကို သဿတဒိဋ္ဌိက ဝင်ပူးလို့သာလျှင် ဒီအသုံးနဲ့ ဒီအနှုန်းကို သွင်းလိုသွင်း၊ မှောက်ချင်မှောက် ဆိုတဲ့အဓိပ္ပါယ် ရောက်သွားပါတယ်၊ သဘောပါကြပလား (သဘောပါပါပြီဘုရား)။

အဲဒါ သတ္တလောကကို ကောင်းကောင်းနားမလည် လို့ သတ္တလောကဆိုတာ အခေါ်ပေမဲ့ လူကို သတ္တလောက လုပ်ထားတာ၊ စင်စစ်တော့ သတ္တလောက အထူးတလည် မရှိပါလား၊ သတ္တလောကကို မွှေနှောက်ပြီး ကြည့်လိုက်တဲ့ အခါကျတော့ ရုပ်နာမ်ဓမ္မဖြစ်ပျက်ချည်းပါလား၊ ဒီလိုသွား နေတယ်။

သတ္တလောကထဲ ရောက်နေပြီဆိုရင် ဒိဋ္ဌိက မလာဘူးလား၊ အဲဒါကြောင့် အစ်မတို့လိုသေးတယ် တရား နာပါ။

ထပ်ပြန်တလဲလဲနာတော့ ကိုယ့်အရေးက အများကြီး က စူးလွန်းတယ်။ မှတ်ထားတာတွေကလည်း အလွဲတွေ၊ ကိုယ်ကလည်း လူကြီးလုပ်ပြီး ဒါမျိုးအသုံးအနှုန်းက များပါ ဘိနဲ့ သုံးတော့သုံးတယ် ဆိုရင်ဖြင့်၊ သူမဂ်ဉာဏ်ဖိုလ်ဉာဏ် တားပစ်လိုက်တာ (တင်ပါဘုရား) မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပုံ

မပေါ်ဘူး သဿတဒိဋ္ဌိက ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို (ရခွင့်မပေးပါဘုရား) ရခွင့်မပေးပါဘူးတဲ့။

ဒါကြောင့် မဂ်လေးတန်မှာ သောတာပတ္တိမဂ်ဟာ ရှေ့ပိုင်းက ဖြစ်ပါတယ် သောတာပတ္တိမဂ်ဆိုလို့ရှိရင် ဒိဒိဋ္ဌိ ဉာဏ်နဲ့ ယှဉ်ရင် ရတာပဲ (တင်ပါဘုရား)။

ဒိဋ္ဌိဉာဏ်နဲ့ ယှဉ်ပြီးသကာလ၊ ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိဉာဏ်နဲ့ ယှဉ်တာပါပဲ၊ ဒီဖြစ်ပျက်ဟာ နောက်တစ်ခါ ဖြစ်ပျက်နဲ့နီးမှ တခြားစီပဲလို့ သိနေရမယ်။

## ဘဝကူးသွားပြီဆိုတာ ကူးကိုမကူးနိုင်ဘူး

တခြားစီပဲ၊ နောက်လာတဲ့ ဖြစ်ပျက်တွေလည်း ဖြစ်ပြီးပျက်တာပဲ၊ ဖြစ်ပြီးပျက်တာပဲ၊ ခဏမျှသိပြီး ခဏ ပျက်တာပဲ၊ နောက်ဟာလည်း အပျက်၊ အပျက် ပျက်တာပဲ လို့ သိနေသမျှ၊ သတ္တဝါဆိုတဲ့ ဘဝကူးသွားပြီဆိုတာကြီးက ပျောက်ထွက်သွားတယ်၊ ကူးကို မကူးနိုင်ဘူး (တင်ပါဘုရား)။

ဒီနေရာတွေ့ ဒီနေရာပျောက်၊ ဥပမာ လက်မောင်း လေး လက်သည်းလေးနဲ့ ကုပ်ကြည့်ပါ၊ ဒီနေရာ ဝေဒနာပေါ် ပြီး ဘယ်နေရာ ရွေ့ပြီး ပျက်သေးတုံး၊ (ဒီနေရာပဲ ပျက်ပါ တယ်ဘုရား)။

ပေါ်တော့ ဒီနေရာ၊ ပျက်တော့လည်း ဒီနေရာ ပျက်တယ်၊ ဒါခန္ဓာပဲ၊ ဘယ်ရွှေ့သေးတုံး (မရွှေ့ပါဘူးဘုရား) ဒီထဲမှာ ဒုက္ခကြီး ပေါ်တယ်ကွ၊ နာတဲ့ဒုက္ခကြီးပေါ်တယ်၊ ဘယ်နေရာများ ရွှေ့ဖြစ်သေးတုံး၊ (ဒီနေရာပါပဲဘုရား)၊ ဒီ နေရာ ပျောက်သွားတာပဲ၊ ဒီဝိညာဏ်လေး ဘယ်သွားတုံးလို့ မေးဖို့ လိုသေးလား (မလိုပါဘူးဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## အလုပ်မပါရင် သဿတဒိဋ္ဌိဖြစ်သေးတယ်

အဲတော့ကို အလုပ်မပါပဲနဲ့ သတ္တလောကလောက် နားလည်နေသေးလို့ရှိရင် သဿတဒိဋ္ဌိဖြစ်သေးတယ်၊ အလုပ်မပါပဲနဲ့ သတ္တ လောကလောက်တော့ တစ်နေ့က ပြောခဲ့ပါပြီ၊ နားလည်ပါတယ်၊ အခု ဉာဏ်မသွင်းရသေးတော့ ဒိဋ္ဌိက ကျန်နေတယ် (တင်ပါဘုရား)။

ဒါဖြင့် ဒီနေ့ သတ္တလောကထဲကမှ ဒိဋ္ဌိခွာနည်းကို ပိုပြီးသင်္ကာလ ဖြည့်စွက်ပြီး ရှင်းပေးပြန်တယ်လို့ မှတ်ရမယ် (တင်ပါ) အရေးကြီးတယ်ဆိုတာလည်း ပေါ်ပါပြီ (ပေါ်ပါပြီ ဘုရား) ပေါ်ပြီတဲ့။

ကိုင်း ဒါဖြင့် ဝတ္ထုလေးတစ်ခု ထုတ်ကြစို့ရဲ့ဆိုတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ မင်္ဂမရောက်သေးပါဘူး ဒါလေး

ဘုန်းကြီးရှင်းပြပါမယ်၊ ထေရဝါဒ်မှာ လာပါတယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးပါတယ်၊ အနုရာဓဆိုတဲ့ ရဟန်းကြီးက ဘုရားကျောင်းနဲ့ မနီးမဝေး ကျောင်းတစ်ကျောင်းမှာ နေတယ်။

နေတော့ မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ပုဂ္ဂိုလ်တွေက လာကြတယ်၊ ဘုရားဆီမသွားဘဲ အနုရာဓဆီဝင်ကြတယ်။

ဝင်ပြီး သူတို့က မေးကြတယ်၊ ရှင်အနုရာဓ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြတ်သောပုဂ္ဂိုလ် လောကကြီးထဲ မွန်မြတ်တဲ့ပုဂ္ဂိုလ် လွန်မြောက်နိုင်တဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။

## သတ္တာဝါသေရင် ဖြစ်သေးသလား

သူဟာ ဘယ်လိုများ ကျုပ်တို့ပုဂ္ဂိုလ်မျိုးတွေကို ဟောလေ့ပြောလေ့ရှိပါလိမ့်မလဲ ဆိုပြီးတော့၊ သတ္တာဝါသေရင် ဖြစ်သေးသလားလို့ မေးတာ (တင်ပါဘုရား)။

ကိုင်း သတ္တလောကကို မေးလာတာ (တင်ပါဘုရား) သတ္တာဝါသေရင် ဖြစ်သေးသလားလို့ (၁) နံပါတ်မေးလိုက်တယ် (တင်ပါဘုရား)။

မေးမရတော့ ဒါဖြင့် သတ္တာဝါသေရင် ဘုရားက

မဖြစ်တော့ဘူးလို့ ဟောသလားလို့ အနုရာဓကို မေးတယ်။

## သတ္တဝါသေရင် မဖြစ်တော့ဘူးလား

ပဌမမေးတာ သဿတဒိဋ္ဌိ (တင်ပါ)၊ သတ္တဝါ သေရင် ဖြစ်သေးသလားလို့ မေးတာက (သူ့သဿတဒိဋ္ဌိပါ ဘုရား) သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးတာက ဥစ္ဆေဒဒိဋ္ဌိ (တင်ပါဘုရား)။

သတ္တဝါသေလို့ရှိရင် အချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူး လို့ ယူလို့ရှိရင်လည်း ဧကစ္စ သဿတဒိဋ္ဌိ၊ သုံးခုရှိသွားပြီ၊ ဒိဋ္ဌိက **သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဧကစ္စ သဿတဒိဋ္ဌိ။**

ဧကစ္စ ဆိုတာ တစ်ပိုင်းက ဒိဋ္ဌိ၊ တစ်ပိုင်းတင် ဒိဋ္ဌိ ပေါ့ကွာ၊ အချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူး ယူလိုက်တယ်၊ သတ္တဝါသေရင် (တင်ပါဘုရား) အဲဒါ ဧကစ္စ သဿတဒိဋ္ဌိ သုံးကြိမ်ပြီးသွားပြီမေးတာ (တင်ပါဘုရား)။

နောက်တစ်ခါ လေးကြိမ်မြောက် မေးတာ သတ္တဝါ သေလို့ရှိရင်ဖြင့် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင် လားလို့ မေးလို့မေးလိုက်ပြန်တယ် (တင်ပါဘုရား) အဲဒါက **အမရာဝိက္ခေပဒိဋ္ဌိ** နဲ့ မေးလိုက်တယ်။

**အမရာဝိက္ခေပဒိဋ္ဌိ**ဆိုတာက မုသားကြောက်လို့ ဖြေတဲ့အဖြေမျိုးပေါ့ကွာ (တင်ပါ) ဖြစ်တယ်လို့ထင်ရင်

မှားသွားလိမ့်မယ်၊ မဖြစ်ဘူးထင်ရင် မှားသွားလိမ့်မယ်။

ဒါကြောင့် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင် သဘောမျိုးဆိုတာ မဖြစ်ဘူးလည်းမဟုတ်၊ ဖြစ်သည်လည်း မဟုတ်ဘူး၊ သူ့ဟာက မဖြစ်ဘူးလို့လည်း မဖြေဘူး၊ ဖြစ်တယ် လို့လည်း မယူဘူးဆိုတော့ ဒါက **အမရာဝိက္ခေပဒိဋ္ဌိ** မုသားကြောက်လို့ ဖြေထားတာ၊ ဒါပဲထူးထူးခြားခြား မှတ်ပါ (တင်ပါ)။

သတ္တဝါသေလို့ရှိရင်ဖြင့် မဖြစ်တော့ဘူး၊ သူမယူဘူး၊ ဖြစ်တယ်လို့လည်း သူမယူဘူး '(မှန်ပါ) ဒါ ဘာဒိဋ္ဌိတုံး၊ **အမရာဝိက္ခေပဒိဋ္ဌိ အမရာ** ဆိုတာ ငါး၊ အဲဒီငါးမျိုးလိုပဲ အမှန်မရှိဘူး သူ (တင်ပါဘုရား)။

ဘာ့ကြောင့် ဒီ ဒိဋ္ဌိသူတို့သုံးပါလိမ့်မတုံးဆိုတော့မှ အစ်မတို့က မှတ်ထား၊ မုသားကြောက်လို့ သုံးတဲ့အသုံး ဖြစ်တယ်လို့ ယူလိုက်လို့ရှိရင်လည်း မဖြစ်ရင် ခက်တယ်ကိုကွ၊ (တင်ပါဘုရား) မဖြစ်ဘူးလို့ ယူလိုက်လို့ ရှိဖြစ်ရင် ခက်တယ် (တင်ပါ)။

ဒါကြောင့် မဖြစ်ဘူးလို့လည်း မဖြေဘူး၊ ဖြစ်တယ် လို့လည်း မဖြေဘူး (တင်ပါ) မုသားကြောက်လို့ မုသား ကြောက်လို့လည်း ဒိဋ္ဌိဖြစ်ရတယ် (တင်ပါဘုရား) မုသား ကြောက်တယ် သူမပိုင်ပဲကို။

မပိုင်တော့ ဉာဏ်ဝင်စရာ ရှိသေးလား (မရှိပါဘုရား) ဉာဏ်မဝင်တော့ ဒိဋ္ဌိဝင်တာပေါ့ (တင်ပါဘုရား) ဉာဏ်မဝင်ရင် ဒိဋ္ဌိဝင်တာပေါ့၊ အဲဒါ **အမရာဝိက္ခေပဒိဋ္ဌိ** အဲဒီ့နည်းနဲ့ မေးလိုက်တယ်။

ပြန်ပြောပါ့မယ် သတ္တဝါသေရင် ဖြစ်သေးသလား (၁) နံပါတ်မေးလိုက်တယ်၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးလိုက်တယ်၊ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့် မဖြစ်ချည်တစ်လှည့်လား (တင်ပါ) သတ္တဝါသေရင် ဖြစ်ချည်လည်း မဟုတ်ဘူး၊ မဖြစ်ချည်လည်း မဟုတ်ဘူး (တင်ပါဘုရား)။

အဲဒီလို တိတ္ထိတွေက မေးလိုက်တော့၊ ရှင်အနုရာဓကလည်း တရားအားမထုတ်ရသေးဘူး၊ ဖြစ်ပျက်အလုပ် မလုပ်ရသေးဘူး၊ ဒီရှင်အနုရာဓကလည်း သောတာပန်တော့ မတည်သေးဘူးလို့ မှတ်လိုက်တာပေါ့ (မှန်လှပါဘုရား)။

## ဘုရားက ဒီလိုမဟောပါဘူး

ဒါနဲ့ တိတ္ထိတွေက သူဖြေတော့ဖြေတယ်၊ ဘုရားကတော့ဖြင့် ဒီလိုမဟောပါဘူး (တင်ပါဘုရား) သူဖြေလိုက်တာ ဘုရားက ဒီလေးမျိုး မဟောပါဘူး၊ သူမှားတာပဲ (တင်ပါဘုရား)။

ဒီလိုမှ မဟောလို့ရှိရင် ဥပမာတစ်ခု ကြားညှပ်ပြီး စကားထည့်ကြပါစို့၊ တစ်ခုသူပြောဖို့ကောင်းတယ်၊ အနုရာဓ က (တင်ပါ) မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

ဒီလေးမျိုးတော့ဖြင့် မဟောပါဘူး၊ ဒီပြင်ဘယ်လို ဟောတုံးဆိုတော့လည်း အဓိပ္ပါယ် သူက မလာနိုင်ဘူး၊ (တင်ပါဘုရား) သူကို ပိုင်သေးရဲ့လား (မပိုင်ပါဘူး)။

မပိုင်တော့ သူကိုယ်တိုင် ဒိဋ္ဌိရှိတယ် ဒီအဓိပ္ပါယ် မှတစ်ပွါး တစ်မျိုးမရှိဘူး အနုရာဓမှာ (တင်ပါ)။

ဒါနဲ့ ဒိဋ္ဌိတွေက အင်း . . . အရှင်ဘုရား ဘယ်နှစ်ဝါ ရပြီတုံး နှစ်ဝါ၊ သုံးဝါရပါသေးတယ်၊ လူမိုက်လေးပါ၊ လူငယ် လေးရှိသေးတာပဲ၊ အကယ်၍ ဝါကြီးလို့ရှိရင်လည်း ဒီပုဂ္ဂိုလ် ဟာ အသိဉာဏ်နည်းတဲ့ပုဂ္ဂိုလ် လူမိုက်ပဲ (တင်ပါဘုရား)။

## တိတ္ထိတွေက အပြစ်တင်ကြတယ်

ကလေးရင်လည်း ဖြစ်ရမယ်၊ လူမိုက်ရင်လည်း ဖြစ်ရမယ်၊ ဒါကြောင့် ဒီအဖြေကို မကျင့်နိုင်တာပဲ (မှန်ပါ ဘုရား) တိတ္ထိတွေက အပြစ်တင်တာပဲ (တင်ပါဘုရား)။

ကလေးရင်လည်း ဖြစ်ရမယ် လူမိုက်လေးရင်လည်း ဖြစ်ရမယ်၊ လူမိုက်ရင်လည်း ဖြစ်ရမယ်၊ မသိမလိမ္မာတဲ့ ပုဂ္ဂိုလ်ရင်လည်း ဖြစ်ရမယ်၊ သို့မဟုတ်ရင် ငယ်လှတဲ့ ကလေး

ငယ်ဖြစ်ရမယ်၊ ဒီဘက်က ဉာဏ်တန်းမှာပေါ့လေ (တင်ပါဘုရား) အဲဒီလိုဆိုပြီး ထပြန်ကြတယ်။

သူကလည်း အဖြေမပေးနိုင်မှုကို (တင်ပါ) ဟိုကလည်း ဒိဋ္ဌိလေးမျိုးနဲ့မေးထားတယ် (တင်ပါဘုရား)၊ ဒါသတ္တဝါက စလာတာ၊ ကြည့်လေ သတ္တဝါသေသွားရင် ဖြစ်သေးသလား၊ သတ္တလောကတော့ နားလည်ရဲ့ ဒိဋ္ဌိမကွာဘူး။

သတ္တလောကကို နားလည်ပြီးသကာလ၊ ဉာဏ်ထဲမှာ သတ္တလောက က ဒိဋ္ဌိဝင်နေသေးတယ်ဆိုတာ သူမသိဘူး (တင်ပါဘုရား)။

## အနုရာမှာဒိဋ္ဌိရှိနေတယ်

ဒါနဲ့ သူ့အဖြေကလည်း အခုကြားပြီးတဲ့အတိုင်း၊ ရှင်းတဲ့အဖြေမျိုးလား၊ ဘုရားဒီလိုတော့ မဟောပါဘူးလို့ ဖြေလိုက်တယ်၊ ကိုယ်ကိုယ်တိုင်က ရှင်းပြီးသားဆိုတဲ့ အဓိပ္ပါယ်မျိုးရရဲ့လား မရပါဘူး၊ သူကိုယ်တိုင် မရှင်းရင် သူ့ဒိဋ္ဌိရှိတယ် (တင်ပါဘုရား)။

သူကိုယ်တိုင် မရှင်းရင် (သူ့မှာ ဒိဋ္ဌိရှိပါတယ်ဘုရား) ဒိဋ္ဌိရှိနေတယ် သူသောတာပန်မတည်သေးဘူးဆိုတာ သေချာတယ် သဘောပါကြပလား (သဘောပါပါပြီဘုရား)။

ဒါနဲ့ တိတ္ထိတွေ သွားတော့မှ သူ့ဟာသူ သတ္တဝါ

သေရင် ဖြစ်သေးသလား၊ သတ္တဝါသေရင် မဖြစ်တော့ဘူးလား၊ သတ္တဝါသေလို့ရှိရင် ဖြစ်ချည်တစ်လှည့်လား၊ မဖြစ်ချည်တစ်လှည့်လား၊ သတ္တဝါသေလို့ရှိရင် မဖြစ်သည်လည်း မဟုတ်ဘူးလား၊ ဖြစ်သည်လည်း မဟုတ်ဘူးလား၊ နောက်နောင်များ ဒီထက်များပိုမေးရင် ခက်တယ်၊ စဉ်းစားတယ် အစ်မ၊ ဒီထက်ပိုမေးရင် ခက်မယ်။

ဆိုတော့ သူ့မှာ ဒိဋ္ဌိမကွာဘူးဆိုတာ သေချာတယ်၊ (သေချာပါတယ်ဘုရား) ဒိဋ္ဌိလေးချက်နဲ့ မေးတာ (မှန်ပါ့ဘုရား) ဒီထက်ပိုမေးနေလို့ ခက်ပြီတဲ့၊ ဒါတောင်မှ သူ အဖြေမပေးနိုင်ပဲကို၊ (တင်ပါဘုရား) ပေးနိုင်သေးရဲ့လား (မပေးနိုင်ပါဘူးဘုရား)။

ဒီလိုခက်နေတော့ သံသယရှိလာတယ်၊ ဒီထက်ပိုမေးရင် ခက်ချည့်ရဲ့၊ ဒီလိုနေလို့ မဖြစ်သေးပါဘူး၊ ငါ့ဘုရားကျောင်းနဲ့ အနီးလေးပဲ ဘုရားဆီသွားဖြေရှင်းတာကောင်းပါတယ် (တင်ပါဘုရား) ဘုရားသွားမေးတာ အေးပါတယ်။

## ဘုရားထံသွားလျှောက်တယ်

ဆိုပြီး ဘုရားဆီသွားလိုက်တယ် အရှင်ဘုရားတပည့်တော် အရှင်ဘုရားကျောင်းနဲ့ မနီးမဝေးမှာနေတာ၊

တိတ္ထိတွေက လာပြီးသကာလ အရှင်ဘုရားလို မြတ်သော ပုဂ္ဂိုလ်၊ လွန်မြောက်တဲ့ပုဂ္ဂိုလ်၊ အလွန်ကို ပညာရှိတဲ့ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်က သတ္တဝါသေရင် ဖြစ်သေးသလားလို့ အရှင်ဘုရား ဟောဖူးပါလား လာမေးကြတယ်ဘုရား။

သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ ဟောဖူး သလားလို့၊ သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်လည်း ဟောဖူး သလား၊ သတ္တဝါသေရင် မဖြစ်သည်လည်း မဟုတ်ဘူး၊ ဖြစ်သည်လည်း မဟုတ်ဘူးလို့ကော ဟောဘူးသလား၊ ဒီလေးချက်ကို မေးပါတယ်ဘုရား။

အဲတော့ တပည့်တော်က ဘုရားတော့ ဒီလို မဟော ဘူးလို့ ဖြေလိုက်တယ် (တင်ပါဘုရား) ဒါနဲ့ တပည့်တော်ကို လူမိုက်ကလေး လူငယ်ကလေး၊ ဘာမှ ဗဟုသုတမရှိသေးဘူး ဒါကြောင့် ဘာမှ မပြောနိုင်တာပဲ၊ အဖြေတစ်ခုကို ပိုင်ပိုင် နိုင်နိုင် မပြနိုင်ဘူးဆိုပြီး တပည့်တော် အပြစ်တင်ပြီး သွားကြ တယ်။

## ဒီထက်ပိုမေးရင် ခက်ချည့်ရဲ့

သူတို့လည်း သွားပြီးရော တပည့်တော်က သံသယ ဖြစ်လာတယ်၊ ဒီထက်ပိုမေးရင် ခက်ချည့်ရဲ့၊ တပည့်တော် ဝိစိကိစ္ဆာ ဖြစ်လာတယ်၊ ဒီထက်ပိုမေးလို့ရှိရင် ဘယ်လိုများ

ဖြေရပ့်ါမတုံး၊ အခုဖြေတာလည်း သူ့ဟာ အမှန်မဟုတ်ပါဘူး (တင်ပါဘုရား)။

ဘုရားတော့ ဒီလိုမဟောဖူးပါဘူး၊ ဒီထက် ပိုမေးရင်ဖြင့် ဘယ်နှယ်လုပ်ရမတုံးဆိုတဲ့ ဝိစိကိစ္ဆာမလာဘူးလား၊ (လာပါတယ်ဘုရား) အဲတော့ သူဒိဋ္ဌိလည်း မပြုတ်ဘူး၊ ဝိစိကိစ္ဆာကော (လာပါတယ်ဘုရား)။

## ဒိဋ္ဌိဝိစိကိစ္ဆာမပြုတ်တဲ့ အနုရာဓ

ဒိဋ္ဌိဝိစိကိစ္ဆာ မပြုတ်တဲ့ အနုရာဓလို့ ဒီတရားပွဲမှာ မှတ်ထားလိုက်တာပေါ့ (တင်ပါဘုရား) ဒါနဲ့ ဘုရားက သူလျှောက်တဲ့ အချင်းအရာတွေ၊ သူဖြေပုံတွေ အကဲခတ်ကြည့်တော့ အင်း အနုရာဓ၊ အနုရာဓ၊ တိတ္ထိတွေက အပြစ်တင်တာသာ သူမြင်တာ (တင်ပါ)။

လူငယ်လေး၊ လူမိုက်ကလေးလို့ ပြောပြီးသွားကြတာသာ သူမြင်တာ သူကိုယ်တိုင် ငယ်လည်းငယ်၊ မိုက်လည်း မိုက်နေသေး တယ်ဆိုတာ သူကိုယ်တိုင် ဒိဋ္ဌိဝိစိကိစ္ဆာ မစင်တာ သူမသိရှာဘူး။

သူကိုယ်တိုင် ဒိဋ္ဌိဝိစိကိစ္ဆာ နှစ်ခုလုံး သူ့မှာရှိတယ် (တင်ပါဘုရား) သတ္တဝါသေရင် ဖြစ်သေးသလား ရှိလေလား မရှိလေလား သူ၊ သူ့ဟာသူ သံသယရှိနေတာ၊ သတ္တဝါ

သေရင် မဖြစ်တော့ဘူးလား၊ မပြောတတ်ဘူးလေ၊ ဖြစ်ချင်လည်း ဖြစ်မှာ၊ မဖြစ်ချင်လည်း မဖြစ်ဘူး၊ ဒိဋ္ဌိကလာလိုက်၊ ဝိစိကိစ္ဆာက လာလိုက် (တင်ပါဘုရား)။ အနုရာဓမှာ ဖြစ်နေတာ (တိတ္ထိတွေကလည်း အမေးကောင်းပါတယ်)။

တိတ္ထိတွေကတော့ မေးရမယ်လေ၊ အဲဒါနဲ့ ဘုရားက ကြော် ငါ့လူကိုယ်က ခက်နေတာကို၊ သူ့မှာ ဒိဋ္ဌိဝိစိကိစ္ဆာ မပြုတ်ဘဲကို။

ကိုင်းကွာ ဘုရားက တိတ္ထိတွေ မေးတာမဖြေလို့ ဟော့ အနုရာဓ၊ မိမိကိုယ်တိုင် ခန္ဓာငါးပါးရှိတယ်ကွ၊ ရုပ်တရားက အနိစ္စလား၊ နိစ္စလားကွာ၊ မေးလိုက်တယ်။

## ရှင်အနုရာဓသောတာပန်တည်တယ်

အနိစ္စပါဘုရား၊ အနိစ္စက မင်းဒုက္ခလား၊ သုခလားကွာ (ဒုက္ခပါဘုရား)၊ အဲဒီဒုက္ခဖြစ်တဲ့ တရားက အတ္တလား၊ အနတ္တလားကွာ၊ (အနတ္တပါဘုရား) ခန္ဓာငါးပါး မေးလိုက်တယ်၊ မေးလိုက်တော့ ဉာဏ်က ခန္ဓာစိုက်လိုက်တဲ့အခါ သူသောတာပန် တည်သွားတယ်၊ ဖြစ်ပျက်မြင်ပြီး၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးသွားတာပေါ့ (တင်ပါ)။

တည်သွားပြီ၊ တည်တဲ့အချိန်ကျတော့မှ ဘုရားက ဝိပဿနာ လုပ်လို့ တည်သွားပြီနော်၊ ကဲ ဝိပဿနာ မလုပ်ပဲနဲ့

တည်တာလား ကြည့်စမ်း (ဝိပဿနာလုပ်လို့ တည်တာပါ ဘုရား)၊ အနိစ္စလား၊ နိစ္စလားမေးတာ (တင်ပါ)။

အနိစ္စဖြေတော့ ဒုက္ခလား၊ သုခလား၊ မေးတာပဲ၊ (တင်ပါ) မေးတော့ သူခန္ဓာကို ကြည့်ပြီးဖြေတာ၊ အဲဒီတင် အနိစ္စ ဒုက္ခဖြေပြန်တော့ အတ္တလား၊ အနတ္တလား မေးပြန်တာပဲ၊ (တင်ပါ) အနတ္တပါဘုရားဆိုတော့ ခန္ဓာငါးပါးလှည့် မေးလိုက်တာပေါ့။

မေးလိုက်တဲ့အခါကျတော့ သူသောတာပန် တည် ရော (တင်ပါဘုရား) ဉာဏ်က ခန္ဓာပေါက်သွားပြီကို။

အဲဒီတော့မှ သောတာပန်တည်တဲ့အခါကျမှ ဘုရားက သူ့မေးတာကို အနုရာမပဲ မေးလိုက်တယ် (တင်ပါ ဘုရား) ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်ပြီနော် (ပြုတ်ပါပြီဘုရား)။ သောတာပန်တည်သွားပြီ (တင်ပါဘုရား)။

## ခန္ဓာငါးပါး၊ သတ္တဝါဆိုမလား

အဲဒီတော့မှ ဘုရားက ဟော့ အနုရာမ ရူပက္ခန္ဓာ သတ္တဝါဆိုမလား၊ မဆိုပါဘူးဘုရား (တင်ပါ့ဘုရား) ဝေဒနာက္ခန္ဓာ သတ္တဝါဆိုမလား ငါးပါးစလုံးဆိုမလား၊ ငါးပါး၊ တစ်ပါးဆီ သူမေးလိုက်တယ်၊ ငါးပါးစလုံး မဆိုဘူး သူဖြေ တယ်။

ဒါနဲ့ ရုပ်ပေါ်၌ ဆိုမလား၊ ဝေဒနာပေါ်၌ ဆိုမလား၊ သညာပေါ်၌ဆိုမလား မဆိုပါဘူးဘုရား၊ ဒါဖြင့်ကွာ ရုပ်မှ တစ်ပါး သတ္တဝါဆိုမလား၊ မဆိုပါဘူးဘုရား။

ရုပ်နာမ်ဓမ္မလည်း သတ္တဝါမှ မရှိပဲကို ဝေဒနာမှ တစ်ပါးသော သတ္တဝါဆိုမလားကွ ဘုရားက မေးလိုက်တယ် မဆိုဘူးဘုရား၊ ဝိညာဏ်မှတစ်ပါး သတ္တဝါဆိုမလားကွ၊ မဆိုပါ ဘူးဘုရား။

ဒါဖြင့်ကွာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ငါးပါး ရှိနေရင် သတ္တဝါဆိုမလား၊ မဆိုပါဘူးဘုရား၊ ဒါလည်း ရုပ် ဝေဒနာ၊ သညာ၊ သင်္ခါရပဲ။

ဒါဖြင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရမှ တစ်ပါးသော တရားကို သတ္တဝါဆိုမလား ကောက်မေးလိုက်တယ် (တင်ပါ) ဒါလည်း သတ္တဝါ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရမှတစ်ပါး သော တရားရှိမှ မရှိပဲ ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

ဒါ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရမှတစ်ပါး၊ ရုပ် မဟုတ်တာ သတ္တဝါဆိုမလား၊ ဝေဒနာမဟုတ်တာ သတ္တဝါ ဆိုမလားကွ၊ မဆိုပါဘူးဘုရား။

အေး . . . အေး မင်းနေရာကျပြီ၊ ဒါဖြင့် ဒီလိုမှတ် ပေတော့ကွ၊ မင်းတစ်သက်လုံး မှတ်ထားကွ၊ မင်းလိုက်လို့ အကြောင်းအကျိုးသိလို့၊ ကိုယ်တိုင်လည်း မြင်ရတဲ့အခါကျ

တော့ ဒီဖြစ်နေတဲ့ တရားတွေက ဒုက္ခဖြစ်နေတာပဲကွ၊ ပျက်တော့ ဘယ်သူပျက်မှာတုံးလို့ ငါမေးလိုက်တော့ ဒီဒုက္ခ ဖြစ်တဲ့တရား ပျက်မှာပဲကွ (တင်ပါဘုရား)။

## သတ္တဝါဆိုတာ မရှိဘူး

အဲတော့ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိတာပဲလို့ ဆိုတော့ မင်း ဒီနဲ့တင်ပေါ်တယ် သတ္တဝါမှ မရှိပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒုက္ခဖြစ်၍ (ဒုက္ခပျက်တာသာ ရှိပါတယ်ဘုရား) ဒါကြောင့် တစ်သက်လုံး မှတ်ကွ၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ သာ ချည်းပဲ၊ သတ္တဝါသေရင် ဖြစ်သေးသလားဆိုတာ မေးဦး၊ မဖြေကောင်းတဲ့ တရား (တင်ပါ)။

သတ္တဝါသေရင် မဖြစ်တော့ဘူးလားဆိုတာကော (မဖြေ ကောင်းတဲ့တရားပါဘုရား) သတ္တဝါသေရင် မဖြစ်ချည် တစ်လှည့် ဖြစ်ချည်တစ်လှည့်လား မဖြေကောင်းတဲ့တရား (တင်ပါဘုရား)။

သတ္တဝါသေရင် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည် လည်း မဟုတ်ဆိုတာကော၊ (မဖြေကောင်းတဲ့တရားပါဘုရား) မဖြေကောင်းတဲ့ တရားကွတဲ့၊ ဖြေရမှာက ဒုက္ခဖြစ်၍ ဒုက္ခ ပျက်တာသာ ရှိတယ်၊ သတ္တဝါကို မရှိခဲ့ဘူး (တင်ပါဘုရား)။

## ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲရှိတယ်

မင်းတစ်သက်လုံး မှတ်၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာမှ တစ်ပါး ဘာမှမရှိဘူး၊ ဒါကြောင့် ဒကာဒကာမတွေ သင်ရတယ်၊ မောင်ချစ်ဆွေက ဖြစ်ဒုက္ခ ပျက်ဒုက္ခရှု၊ သူက တိုတိုသုံးထားတာ (တင်ပါဘုရား) ဒီပြင် ဘာမှမရှိဘူး (မှန်ပါတယ်ဘုရား) ဒုက္ခပိုင်ပိုင်နိုင်နိုင်သိ၊ ပိုင်းပိုင်းခြားခြား သိတယ်ဆိုတာ ဖြစ်တာလည်း ဒုက္ခပဲ၊ ပျက်တာလည်း ဒုက္ခပဲ ဆိုတာ ပိုင်ပိုင်နိုင်နိုင်သိနေတာ (တင်ပါဘုရား)။

ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင်လည်း သောတာပန်တည် တာပဲ (တင်ပါဘုရား) အနုရာဓသောတာပန်တည်တာ ပုဂ္ဂိုလ်သတ္တဝါကို ပါသေးရဲ့လား (မပါပါဘူးဘုရား)။

အဲတော့ သတ္တလောက ပြင်ဘက်ထွက်မသွား ဘူးလား (ထွက်သွားပါတယ်ဘုရား)။

သတ္တလောက သိရုံနဲ့လည်း မပြီးသေးဘူး၊ သတ္တ လောက သိရုံနဲ့လည်း သမုတိသစ္စာ၊ ပရမတ္ထသစ္စာနဲ့ ဒကာ ဒကာမတွေက နားလည်ပြီး အလုပ်၊ လုပ်ဦးမှ ထွက်ရာ လမ်းပေါက်မှာ (တင်ပါဘုရား) သို့မဟုတ်ရင် ပေါက်နိုင်ပါ့ မလား (မပေါက်နိုင်ပါဘူးဘုရား)။

## ဖြစ်ပျက်ရှုလို့သောတာပန်တည်တယ်

အဲဒီမှ သောတာပန်တည်တယ်ဆိုတာ ဖြစ်ပျက်ရှုလို့ဆိုတာမပေါ်လာသေးဘူးလား (ပေါ်လာပါတယ်ဘုရား)။

နောက်ဆုံးပိတ်ကျတော့ မင်းတစ်လုံးမှတ်ကွာ၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခမှတစ်ပါး ဘာမှမရှိဘူးဟော့ အနုရာဓဆိုပြီးတော့ ဇာတ်သိမ်းတာပဲ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ကဲ ဒီနေ့ ဒီတွင်တော်ဦး

သာဓု . . . သာဓု . . . သာဓု။